# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၂)၊ အမှတ်(၁၄၆)


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၂၀၂၂-၂၀၂၃) ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံဘောလုံးပြိုင်ပွဲ (အမျိုးသား) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ကြည့်ရှုအားပေးချီးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

(၂၀၂၂-၂၀၂၃) ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ (အမျိုးသား) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူအားကစားမောင်မယ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❐



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပထမဆုရရှိသည့် ဘားအံပညာရေး ဒီဂရီကောလိပ်အသင်းကို ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။




# တစ်သက်တွင် တစ်ခါမျှပင် ကြုံရခဲသည့် ကုသိုလ်ပြုခွင့်

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများမှာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူများ၏ စုပေါင်းလှူဒါန်းမှု သဒ္ဓါတရားထက်သန်မှုနှင့်အတူ တစ်ရက်ထက် တစ်ရက် ရုပ်လုံးပေါ် ပီပြင်လာလျက်ရှိသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃) တို့ကို တွဲဆက်ထားသော စုစုပေါင်းအလေးချိန်တန် ၁၇၀၀ ရှိသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးကို ပြီးခဲ့သည့် ဇန်နဝါရီလ ၂၆ ရက်နေ့ မင်္ဂလာအချိန်တွင် ရတနာပလ္လင်တော်ထက်သို့ ဝန်ချီစက် ၈ လုံးပါ သံမဏိမျှော်စင်ကြီးဖြင့် စတင်ပင့်ဆောင်ခဲ့ရာ ဇန်နဝါရီလ ၃၁ ရက်နေ့ နံနက်ပိုင်းတွင် ရတနာပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်နေရာချထားနိုင်ခဲ့သည်။ ရှေးမကြီးမားလေးလံလှသည့် ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော် အစိတ်အပိုင်းကြီးကို ထိခိုက်ပွန်းပဲ့မှု မရှိစေရေးအတွက် သံမဏိရတနာပန်းတောင်းတော်ကြီးတစ်ခု တည်ဆောက်ထည့်သွင်းပြီး ဆင်းတုတော်ကြီးနှင့်အတူ စုစုပေါင်း တန်ချိန် ၂၄၀၀ ခန့်ကို အင်ဂျင်နီယာပညာရှင်များ၊ ကာယဉာဏလုပ်သားများက နည်းပညာနှင့် စက်ယန္တရားကြီးများဖြင့် ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ခဲ့သည့် မြင်ကွင်းသည် အံ့မခန်းပင်ဖြစ်ပြီး သမိုင်းဝင်သမိုင်းတင်မည့် ဆောင်ရွက်ချက်လည်းဖြစ်သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှူးပြုသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှ ဌာပနာတော်ကုသိုလ်ရှင်များ လှူဒါန်းထားရှိသော ရွှေထည်များ၊ ကျောက်မျက်ရတနာပါသည့် ရွှေထည်များ၊ ကျောက်မျက်ရတနာပါသည့် ငွေထည်များ၊ ကျောက်မျိုးစုံ၊ ပုလဲမျိုးစုံ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးများ၊ အဖိုးတန်ရွှေငွေကျောက်သံပတ္တမြား မြောက်မြားစွာတို့ကို ရတနာသေတ္တာများတွင် ထည့်သွင်းကာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဇန်နဝါရီလ ၂၇ ရက်တွင်လည်းကောင်း၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင်လည်းကောင်း ဌာပနာတော်များ သွင်းလှူပူဇော်ခဲ့သည်တို့ကိုလည်း နိုင်ငံတစ်ဝန်းမှ ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့ သဒ္ဓါရွှင်လန်း ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခဲ့ကြရသည်။

ယခုအခါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၄) မှာလည်း ဖေဖော်ဝါရီလ ၁၃ ရက် နံနက်အစောပိုင်းတွင် ရတနာပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ခဲ့ပြီးဖြစ်သည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်အတူ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီး အတွင်း၌ သာသနာ့ဗိမာန်တော်ကြီး၊ ပိဋကတ်ကျမ်းစာ ကျောက်စာရုံစေတီတော်များ၊ ရေပန်းရင်ပြင်တော်များ၊ ဘုရားကြီးရင်ပြင်တော်၊ သုခမ္မာဇရပ်များ၊ မုစလိန္ဒအိုင် စသည်တို့အပါအဝင် သာသနိက အဆောက်အအုံများစွာကို တည်ဆောက်ပူဇော်လျက်ရှိရာ အလှူငွေထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများ၊ ဘာသာသာသနာအတွက် သဒ္ဓါကြည်ညိုကုသိုလ်ပြုလိုကြသည့် အလှူရှင်များအနေဖြင့် သက်ဆိုင်ရာသို့ ဆက်သွယ်လှူဒါန်းနိုင်ကြစေရေး နိဗ္ဗာန်အကျိုးမျှော်ကာ နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။



## အသိပေးနှိုးဆော်ခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာ တည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

ထိုကဲ့သို့ တည်ဆောက်ပူဇော်လျက်ရှိရာတွင် ကျောက်စာရုံစေတီလှူဒါန်းနိုင်သည့်အရေအတွက် အဆူ ၇၂၀တွင် စေတနာရှင်အလှူရှင်များက ၇၁၇ ဆူအား လှူဒါန်းပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ **လှူဒါန်းရန်ကျန်ရှိနေသည့် ကျောက်စာရုံစေတီသုံးဆူအား စေတီတစ်ဆူလျှင် ငွေကျပ် ၂၇၉ သိန်းနှုန်းဖြင့် လှူဒါန်းပူဇော်နိုင်ရေး** ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော (ဖုန်း-၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅) နှင့် ဒေါ်အေးအေးကြည် (ဖုန်း-၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

**သတင်းစဉ်**

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများ လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ဧည့်ခန်းမ၌ပြုလုပ်ရာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်နှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ အလှူရှင် စိန်လုံ(မ်) တောင်တန်း ကျောက်မျက်ရတနာ လီမိတက် မိသားစုဝင်များဖြစ်သည့် ဦးရန်ချင်းစိန်၊ ဦးသိန်းအောင်၊ ဒေါ်ဖူးဟွမ်၊ ဦးလန်ပြင်းဆိုက်နှင့် ဒေါ်သန်းသန်းဆွေတို့က ကျောက်စာရုံစေတီသုံးဆူအတွက် အလှူငွေကျပ် ၈၃၇ သိန်းနှင့် ပိဋကတ် သုံးပုံ ကျမ်းစာအုပ် သုံးအုပ်အတွက် အလှူငွေကျပ် သိန်း ၆၀ တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည် ပြောကြားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နိပါတ်တော်လာ ဇာတ်သဘင်မဟာ အစီအစဉ်မှ “တံခါးမှူး ဒတ္တ” ဇာတ်တော် အပိုင်း(၂) ကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မိဘပြည်သူများ ဇာတ်သဘင် ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတ ရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် “နိပါတ်တော်လာ ဇာတ်သဘင် မဟာအစီအစဉ်” ဆန်းသစ် တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှစတင်၍ အပတ်စဉ် (စနေနေ့) ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ အစီအစဉ်မှ **“တံခါးမှူး ဒတ္တ”** ဇာတ်တော် အပိုင်း(၂) ကို ပတ္တမြားကေခိုင် စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွှာစားဝါးခယ်မ စိန်မုန့်လုံး၏ တီးခတ်မှု၊ **တင်မောင်ဆန်းမင်းဝင်း၊ ဘွန်း၊ ငြိမ်းချမ်းခိုင်၊ ချမ်းချမ်းမိုးနှင့်အတူ** သဘင်အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဖေဖော်ဝါရီ ၂၅ ရက် (စနေနေ့) ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး မတ် ၁ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီခွဲတွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ်၊ လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**




သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၁၀၆) ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှု အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ စိုးရန်အောင်နှင့် မိုးဂျူလိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၄၊ ၂၅ နှင့် ၂၆ ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။ **မိုး/ဇလ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ (၂၀၂၂-၂၀၂၃) ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ (အမျိုးသား) ဗိုလ်လုပွဲစဉ်အဖြစ် မိတ္ထီလာပညာရေးဒီဂရီကောလိပ်အသင်းနှင့် ဘားအံပညာရေးဒီဂရီကောလိပ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပထမဆုရရှိသည့် ဘားအံပညာရေး ဒီဂရီကောလိပ်အသင်းကို တစ်ဦးချင်းဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဒုတိယဆုရရှိသည့် မိတ္ထီလာပညာရေး ဒီဂရီကောလိပ်အသင်းကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

❒ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် (၂၀၂၂-၂၀၂၃) ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ (အမျိုးသား) ဗိုလ်လုပွဲစဉ်အဖြစ် မိတ္ထီလာပညာရေး ဒီဂရီကောလိပ်အသင်းနှင့် ဘားအံပညာရေးဒီဂရီကောလိပ်အသင်းတို့ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပွဲစဉ်တွင် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်အကြိတ်အနယ် ဖိအားပေးယှဉ်ပြိုင်ကြပြီး ပွဲကစားချိန် ၁၃ မိနစ်တွင် ဘားအံပညာရေးဒီဂရီကောလိပ်အသင်းမှ ကျောနံပါတ်(၇)က အဖွင့်ဦးဆောင်ဂိုးကို လှပစွာသွင်းယူရရှိခဲ့ပြီး ပွဲကို ဦးဆောင်နိုင်ခဲ့သော်လည်း မိတ္ထီလာပညာရေး ဒီဂရီကောလိပ်အသင်းက ပွဲကစားချိန် ၄၅ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ချေပဂိုး ပြန်လည်သွင်းယူခဲ့ပြီး ပထမပိုင်းပွဲကစားချိန် ပြီးဆုံးခဲ့သည်။

**သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲ**

ယင်းနောက် ဒုတိယပိုင်းကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲကစားချိန် မိနစ် ၆၀ တွင် ဘားအံပညာရေးဒီဂရီကောလိပ်အသင်းက အလွတ်တည်ကန်ဘောမှတစ်ဆင့် ဒုတိယဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း မိတ္ထီလာပညာရေးဒီဂရီကောလိပ်အသင်းက ပွဲချိန် ၇၂ မိနစ်တွင် ချေပဂိုးထပ်မံသွင်းယူနိုင်ခဲ့ပြီး ပွဲကစားချိန် မိနစ် ၉၀ တွင် ဘားအံပညာရေးဒီဂရီကောလိပ်အသင်းက တတိယအနိုင်ဂိုးသွင်းယူခဲ့သဖြင့် ဘားအံပညာရေးဒီဂရီကောလိပ်အသင်းက မိတ္ထီလာပညာရေးဒီဂရီကောလိပ်အသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

**❝ (၂၀၂၂-၂၀၂၃) ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၁၂)ရပ် အနက်မှ လူမှုရေးဦးတည်ချက်ဖြစ်သော တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အပြည့်အဝအထောက်အကူဖြစ်စေရန်၊ အားကစားပွဲတော်မှ ထွက်ပေါ်လာမည့် ထူးချွန်အားကစားသမားများမှသည် နိုင်ငံတော်အတွက် အားထားရသော မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ် ❞**

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရန်ကျော်က အကောင်းဆုံးဂိုးသမားဆုရရှိသည့် ဘားအံပညာရေးဒီဂရီကောလိပ်အသင်းမှ ဂိုးသမား စောလူမင်းအောင်ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးခွန်စံလွင် က အကောင်းဆုံးနောက်တန်းအားကစားသမားဆု ရရှိသည့် မကွေးပညာရေးဒီဂရီကောလိပ်အသင်းမှ မျိုးလင်းအောင်ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်းက အကောင်းဆုံး အလယ်တန်းအားကစားသမားဆုရရှိသည့် ဘားအံပညာရေးဒီဂရီကောလိပ်အသင်းမှ ရဲသွေးကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကိုက အကောင်းဆုံးရှေ့တန်းအားကစားသမားဆုရရှိသည့် မိတ္ထီလာပညာရေးဒီဂရီကောလိပ်အသင်းမှ ချိုတူးကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်က ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသည့် ဘားအံပညာရေးဒီဂရီကောလိပ်အသင်းမှစောတူးတူးဘီကို လည်းကောင်း တစ်ဦးချင်း အကောင်းဆုံး ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပိုးရယ်အောင်သိန်းက တတိယဆုရရှိသည့် မကွေးပညာရေးဒီဂရီကောလိပ်အသင်းကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ဒုတိယဆုရရှိသည့် မိတ္ထီလာ ပညာရေးဒီဂရီကောလိပ်အသင်းကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပထမဆုရရှိသည့် ဘားအံပညာရေးဒီဂရီကောလိပ်အသင်းကို လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပထမဆုရရှိသည့် ဘားအံပညာရေး ဒီဂရီကောလိပ်အသင်းကို ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

(၂၀၂၂-၂၀၂၃) ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၁၂)ရပ် အနက်မှ လူမှုရေးဦးတည်ချက်ဖြစ်သော တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အပြည့်အဝအထောက်အကူဖြစ်စေရန်၊ အားကစားပွဲတော်မှ ထွက်ပေါ်လာမည့် ထူးချွန်အားကစားသမားများမှသည် နိုင်ငံတော်အတွက် အားထားရသော မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်းနှင့် တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ (အမျိုးသား) ဗိုလ်လုပွဲကိုလည်း ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရန်ရှိကြောင်းလည်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဟားခါးမြို့ရှိ မြို့မိ မြို့ဖများနှင့် တပ်နယ်မိသားစုဝင်များ၊ ကလေးမြို့ရှိ ကလေး၊ ကျီကုန်းတပ်နယ် မိသားစုဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် သီးခြားစီတွေ့ဆုံ၊ ကလေးမြို့နယ်ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေကြသော ဒေသခံပြည်သူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ချင်းပြည်နယ် ဟားခါးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ချင်းပြည်နယ်ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် ဟားခါးမြို့နယ်ရှိ ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြား၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။



### ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် အဖွဲ့သည် ဟားခါးမြို့ ဇေတဝန်ဘုန်းတော်ကြီးကျောင်း၌ ချင်းတောင်တန်း သာသနာပြုဆရာတော် ဒေါက်တာဘဒ္ဒန္တတေဇောသာရ အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ သင်္ကန်းပရိက္ခရာ၊ နဝကမ္မအလှူငွေ၊ ဆေးဝါးများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ (ယာပုံ)

### ထောက်ပံ့ပစ္စည်းများပေးအပ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဟားခါးမြို့ နယ်မြေခံတပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး တပ်နယ်မိသားစုများအား ဂုဏ်ပြုချီးမြှင့်ငွေများ၊ ထောက်ပံ့ပစ္စည်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် အဖွဲ့သည် ကလေးမြို့သို့ ရောက်ရှိကြပြီး ကလေးမြို့နယ်မြေခံ တပ်နယ် အောင်ဆန်းခန်းမ၌ ကလေးနှင့် ကျီကုန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး တပ်နယ်မိသားစုများအား ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ကလေးမြို့ မြို့နယ်စုပေါင်းရုံးခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

### တွေ့ဆုံအမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ကလေးမြို့ မြို့နယ်စုပေါင်းရုံးခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး တက်ရောက်လာကြသူများအား ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

### ထောက်ပံ့ပေးအပ်

ထို့နောက် ကလေးမြို့နယ်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသမှု ခံယူနေကြသော ဒေသခံပြည်သူများအား သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားပြီး ဆေးရုံတက်လူနာများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**သာယာဝတီ ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် သာယာဝတီမြို့နယ် ကျွဲသတ်ကြီးကျေးရွာ၌ GW-11 နှမ်းစပါး ငါးဧက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုနှင့် လက်ပံတန်းမြို့နယ် ဝွေးတောက်ကွင်းကျေးရွာ၌ အစေ့ချစနစ်ဖြင့် စိုက်ပျိုးထားသည့် နွေစပါး ဧက ၃၀ အား သမန်းနှိုးခြင်း၊ မြေဩဇာကြဲပက်ခြင်း ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုပြီး နွေစပါးစိုက်တောင်သူများ စိုက်ပျိုးရေရရှိရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တောင်သူစိတ်ကြိုက် သွင်းအားစုများ အချိန်မီရရှိစေရေး တာဝန်ရှိသူများအား မှာကြားသည်။ ထို့နောက် အုတ်ဖိုမြို့နယ် ငါးသားဖောက်စခန်းရှိ ငါးတန်၊ ရေချိုငါးမုတ်၊ ငါးကျည်း၊ ငါးခူ၊ ငါးပြေမ၊ ငါးမြစ်ချင်း၊ ငါးဖန်းမနှင့် ငါးခုံးမကြီး ငါးသားဖောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အုတ်ဖိုမြို့နယ် အေးမြသာယာ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ကာ ပျက်စီးနေသည့် စာသင်ဆောင်နှင့် စာသင်ခုံများ ပြန်လည်ပြင်ဆင်နိုင်ရေး တာဝန်ရှိသူများအား မှာကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အုတ်ဖိုမြို့နယ် အေးမြသာယာစက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် အေးမြသာယာ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်လူနာများအား အားပေးစကားပြောကြားပြီး ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကြို့ပင်ကောက်မြို့ ဆည်မြောင်းနှင့် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန၊ တည်ဆောက်ရေး(၂) ရှင်းလင်းဆောင်၌ နွေစပါးတို့ချဲ့ စိုက်ပျိုးနိုင်ရေးနှင့် ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးရေရရှိရေးအတွက် ရေပေးမြောင်းတူးဖော်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နွေစပါးစိုက်ဧကများအားလုံး အစေ့ချစနစ်ဖြင့်သာ စိုက်ပျိုးသွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ပြီး နွေစပါးတိုးချဲ့ စိုက်ပျိုးရန် ဘော်ဘင်ဆည်ရေသောက် ကွဲ့ဘိ အောင်ပင်သာ တူးမြောင်းတူးဖော်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် ကြို့ပင်ကောက်မြို့ ရေပေးဝေရေးစက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေရရှိစေရေးနှင့် ရေစစ်ကန်များ၊ ရေစုကန်များ သန့်ရှင်းသပ်ရပ်စေရေး တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။



တင်စိုး(ပဲခူး)

# စစ်အုပ်ချုပ်ရေး (Martial Law) အမိန့်အမှတ်၊ ၈ / ၂၀၂၃ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၈ / ၂၀၂၃**
၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်
( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ရွှေဘိုမြို့နယ်၊ ဝက်လက်မြို့နယ်နှင့် အရာတော်မြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး(Martial Law)အာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်။

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ် မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# စစ်အုပ်ချုပ်ရေး (Martial Law) အမိန့်အမှတ်၊ ၉ / ၂၀၂၃ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၉ / ၂၀၂၃**
၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်
( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်စွဲပါ စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၈/ ၂၀၂၃ ဖြင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအား စစ်အုပ်ချုပ်ရေးကြေညာထားသည့် ရွှေဘိုမြို့နယ်၊ ဝက်လက်မြို့နယ်နှင့် အရာတော်မြို့နယ်များအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ယင်းတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများ သတ်မှတ်၍ စစ်နယ်မြေမှူးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်-

(က) **အုပ်ချုပ်ရေး**
- (၁) လုံခြုံရေးကိစ္စရပ်များ၊
- (၂) လူမှုရေးကိစ္စရပ်များ၊
- (၃) ကုန်သွယ်ရေးကိစ္စရပ်များ၊
- (၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

( ခ ) **တရားစီရင်ရေး**

(၁) **တရားရုံးများဖွဲ့စည်းခြင်း။** အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။

(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးကပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ် တစ်မျိုးမျိုးကို ချမှတ်ရမည်-
- (ကက) သေဒဏ်၊
- ( ခခ ) နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ်၊
- ( ဂဂ ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။

(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ အတည်ပြုချက် ရရှိမှသာအတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
- (ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း။
- ( ခခ ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း။
- ( ဂဂ ) ပြစ်ဒဏ်ကိုပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း။
- (ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကိုအတည်ပြုခြင်း။

(၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့် စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။

(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅) ရက်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅)ရက်အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးထံသို့ လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
- (ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
- ( ခခ ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
- ( ဂဂ ) ပြစ်ဒဏ်ကို ပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊
- (ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၇) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့် ကိစ္စတွင် အထက်အပိုဒ်ငယ်(၆)တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် မိမိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေးအကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေး ဒေသအတွင်း ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ အစီရင်ခံရမည်။

အမိန့်အရ

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နောက်ဆက်တွဲဇယား(က)**

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊
၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၄-က)၊
၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ)၊
၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ)၊
၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊
၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊
၇။ မတရားအသင်းအက်ဥပဒေအရပြစ်မှုများ၊
၈။ လက်နက်အက်ဥပဒေအရပြစ်မှုများ၊
၉။ လူသတ်မှု၊
၁၀။ လူသေမှု၊
၁၁။ မုဒိမ်းမှု၊
၁၂။ လုယက်မှု၊

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

၁၃။ ခားပြမှု၊
၁၄။ အဂတိလိုက်စားမှု၊
၁၅။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊
၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊
၁၇။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေးဥပဒေအရ ပြစ်မှုများ၊
၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊
၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊
၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ပြစ်မှုများ၊
၂၁။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရပြစ်မှုများ၊
၂၂။ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရပြစ်မှုများ၊
၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများ၊



## (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၂၉) ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**
(၇၈) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၂၉)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေး အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအဖွဲ့များက ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) အား အလေးပြုခြင်း၊ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုခြင်းတို့ကို အစီအစဉ်အတိုင်း ပြုလုပ်သည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက (၇၈) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၂၉)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (ခ) အဆင့် စစ်တီးဝိုင်းခေါင်းဆောင် ကျွမ်းကျင်မှု တတိယဆုရရှိသည့် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်၊ ဒုတိယဆုရရှိသည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အမှတ်(၁) တပ်ခွဲကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်နှင့် ပထမဆုရရှိသည့် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် အမှတ်(၂)တပ်ခွဲ ကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်၊ (က) အဆင့်တွင် စစ်တီးဝိုင်းခေါင်းဆောင် အကောင်းဆုံးဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုစစ်တီးဝိုင်းခေါင်းဆောင်တို့ကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ (ခ)အဆင့် အသင်းလိုက် တတိယဆုရရှိသည့် အမှတ်(၅၅)ခြေလျင် တပ်မဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း၊ ဒုတိယဆုရရှိသည့် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းနှင့် ပထမဆုရရှိသည့် အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတို့ကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် (က)အဆင့် အသင်းလိုက် တတိယဆုရရှိသည့် စစ်တက္ကသိုလ်ကိုယ်စားပြု စစ်တီးဝိုင်း၊ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် ကိုယ်စားပြု ရဲတီးဝိုင်းနှင့် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်တီးဝိုင်း**(အပေါ်ပုံ)** တို့ကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

အဆိုပါတပ်မတော်နေ့အထိမ်းအမှတ် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲများကို ၁၉၉၂ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး (၇၈) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၂၉)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်မှစတင်၍ ကျင်းပပြုလုပ်ခဲ့ရာ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်းပေါင်း ၃၁ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အုတ်တွင်းမြို့နယ်၌ ကျေးရွာများ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကျင်းပ

**အုတ်တွင်း ဖေဖော်ဝါရီ ၂၂**
ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဝါးတီးကျေးရွာအုပ်စုအတွင်းရှိ ညောင်ပင်ကျေးရွာ၊ ကြက်လျှာကျေးရွာနှင့် ခပေါင်းဝ ကျေးရွာများကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း (NEP Phase II) ဖြင့် ဆောင်ရွက်သော လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က ညောင်ပင်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးမြင့်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထူးကိုကိုက လျှပ်စစ်မီးလင်းရေး လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် လျှပ်စစ်အန္တရာယ် အသိပညာပေးခြင်းများ ရှင်းလင်းပြောကြားသည်။

အဆိုပါ ကျေးရွာသုံးရွာကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ (NEP Phase II) စနစ်ဖြင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းကို ယခုနှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် ကျေးရွာသုံးရွာမှ အိမ်ခြေ ၃၅၀ ကို လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဌာနမှ သိရသည်။

**အေမင်းရည်စော (ပြန်/ဆက်)**

## နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၁၅/၂၀၂၃) ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကိုအမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) ဖြင့်လည်းကောင်း၊ နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့နှင့် စပ်လျဉ်း၍ ကြေညာချက်အမှတ် (၂/၂၀၂၃)၊ (၃/၂၀၂၃) တို့ဖြင့်လည်းကောင်း ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ** သည်လည်းကောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **ဒီမိုကရေစီပါတီသစ်(ကချင်) [New Democracy Party (Kachin)][N.D.P(Kachin)]** နှင့် **ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ** တို့သည်လည်းကောင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့ကို ယနေ့တွင် လာရောက်လျှောက်ထားခဲ့သဖြင့် တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး ဘုန်းတော်ကြီးသင်ကျောင်းသို့ သင်ထောက်ကူပစ္စည်းများ လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၂

**ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ တည်ရှိသော ကျောင်းသူ ကျောင်းသားပေါင်း ၁၁၀၀ ကျော်ရှိသည့် သဒ္ဓမ္မဇောတိကာရုံဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်းသို့ ပထမဆုံးသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုံးပစ္စည်းများပါဝင်သည့် စာသင်ခန်း (ICT Lab) ကို အက်တမ်မှ ဖေဖော်ဝါရီ ၁၇ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။**

ယင်းလှူဒါန်းမှုတွင် ငွေကျပ် ၅၈၁၁၉၂၀၀ တန်ဖိုးရှိ စွမ်းဆောင်ရည်မြင့်မားသော လက်တော့ပ်များ၊ ကွန်ပျူတာဆော့ဖ်ဝဲ၊ အများသုံးအင်တာနက်စက်များနှင့် အခြားနည်းပညာသုံးပစ္စည်းများ ပါဝင်မည်ဖြစ်သည်။ “ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်တန့်ထားခဲ့ရတဲ့ သတင်းအချက်အလက် ဆက်သွယ်ရေးနဲ့ ပတ်သက်တဲ့ သင်တန်းတွေကို အက်တမ် (ATOM) ရဲ့ အခုလို လိုအပ်တဲ့ပစ္စည်းကိရိယာတွေ လှူဒါန်းမှုကြောင့် ပြန်လည်ဖွင့်လှစ်နိုင်တော့မှာ ဖြစ်ပါတယ်” ဟု ကျောင်းအုပ်ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုဿက က မိန့်ကြားသည်။

အက်တမ်(ATOM)၏ “ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများကို ဒစ်ဂျစ်တယ်စနစ် ကူးပြောင်းခြင်း” လုပ်ဆောင်ချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုံးပစ္စည်းများပါဝင်သည့် စာသင်ခန်းများ လှူဒါန်းရန်အတွက် ကျောင်းခုနစ်ကျောင်း၏ ပကတိ အခြေအနေများကို လေ့လာစစ်ဆေးခဲ့ပြီး ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မြို့များရှိ ကျောင်းလေးကျောင်းသို့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာသုံး ပစ္စည်းများ ပါဝင်သည့် စာသင်ခန်းများ (ICT Labs) ကို မတည်လှူဒါန်းသွားမည်ဖြစ်သည်။ အဆိုပါ အခြေခံပညာကျောင်းလေးကျောင်းအတွက် လှူဒါန်းမည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာသုံးပစ္စည်းများပါဝင်သည့် စာသင်ခန်းများသည် ကျောင်းသူ ကျောင်းသား စုစုပေါင်း ၅၈၀၀ ကျော်အား ကွန်ပျူတာစနစ်နှင့် နည်းပညာများကို လက်လှမ်းမီ လေ့လာသင်ယူနိုင်ရန် အထောက်အကူပြုပေးနိုင်မည်ဖြစ်သည်။

အက်တမ်(ATOM)၏ ဒုတိယအမှုဆောင်အရာရှိချုပ်ဖြစ်သူ ဦးဝင်းပိုင်ကျော်က “ရွေးချယ်ထားတဲ့ ကျောင်းလေးကျောင်းအတွက် သူတို့ရဲ့ ကျောင်းသူကျောင်းသားတွေကို သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးဆိုင်ရာ သင်တန်းတွေ ပို့ချတဲ့နေရာမှာ ကျွန်တော်တို့ အက်တမ် (ATOM)က တစ်တပ်တစ်အား ပါဝင်ထောက်ပံ့ပေးရတဲ့အတွက် အလွန်ပဲ ဂုဏ်ယူဝမ်းမြောက်မိပါတယ်” ဟု ပြောကြားသည်။

ဆက်လက်၍ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုံးပစ္စည်းများ ပါဝင်သည့် စာသင်ခန်းသုံးခုကို လှိုင်သာယာမြို့နယ်ရှိ အောင်ဇေယျာမင်း ပရဟိတစာသင်ကျောင်း၊ ကျောက်ဆည်မြို့နယ်ရှိ သောကြာကြယ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ လယ်ဝေးမြို့နယ်ရှိ စမတောင် မိဘမဲ့ကလေးဂေဟာကျောင်းများသို့ လာမည့်ခြောက်လအတွင်း ထပ်မံလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

# ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် နေပြည်တော်ရှိပြည်သူများ ပျော်ရွှင်စွာဆင်နွှဲနိုင်ရေးအတွက် လမ်းလျှောက်သင်္ကြန်ကျင်းပနိုင်ရေး အကြိုညှိနှိုင်းစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

**၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလ နေပြည်တော်ရှိ ပြည်သူများ ပျော်ရွှင်စွာဆင်နွှဲနိုင်ရေး အတွက် လမ်းလျှောက်သင်္ကြန် ကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)**



အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုနှစ်ဧပြီလတွင် ကျရောက်မည့် မြန်မာ့ရိုးရာ နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို နေပြည်တော်၌ ခမ်းနားအောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ နေပြည်တော်၌ ကျင်းပမည့် ယခုနှစ်သင်္ကြန်တွင် လမ်းလျှောက်သင်္ကြန်ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ပါကြောင်း။

လမ်းလျှောက်သင်္ကြန်ကို နေပြည်တော်၌ ပထမဆုံး ထည့်သွင်းကျင်းပခြင်းဖြစ်၍ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအငွေ့အသက်များ မပျောက်ပျက်အောင် စံနမူနာပြ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ထိုသို့ကျင်းပရာတွင် ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ စနစ်တကျ သုံးသပ်စီမံ ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ယခုနှစ် မြန်မာ့ရိုးရာအတာ သင်္ကြန်ပွဲတော်တွင် နေပြည်တော်ရှိ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် ဒေသနေပြည်သူများ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြား သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့် မောင်၊ Brilliant Aura ကုမ္ပဏီမှ တာဝန်ရှိသူနှင့် တက်ရောက်လာကြသူများက ယခုနှစ် နေပြည်တော်၌ ကျင်းပမည့် သင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး၊ အားလုံးပါဝင် ပျော်ရွှင် စေရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် စစ်ကိုင်းတိုင်းဒေသကြီးရှိ ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ

**မုံရွာ ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ရောက်ရှိနေသည့် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တိုင်းဒေသကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်၊ တာဝန်ရှိသူများနှင့် အတူ ဖေဖော်ဝါရီ ၁၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှု ဦးစီးဌာနနှင့် တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံ အမှာစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**ကူညီဆောင်ရွက်**

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ တိုင်းရင်းသား လူမျိုးပေါင်းစုံရှိကြရာ တိုင်းရင်းသားများအလိုက် ယဉ်ကျေးမှုဓလေ့ထုံးစံများရှိကြပါကြောင်း၊ အဆိုပါ ယဉ်ကျေးမှုများကို သိရှိပြီး တိုင်းရင်းသားများအား ကိုယ်ချင်းစာတရား၊ ပြည်ထောင်စုစိတ်ဓာတ်တို့နှင့်အညီ နားလည်မှုရှိစွာ ကူညီဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုများနှင့် ပတ်သက်၍ ပိုမိုသိရှိထားရန် လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု နည်းပါးသည့် ဒေသရှိ တိုင်းရင်းသားများ၊ ကွယ်ပျောက်လုနီးပါး ဖြစ်နေသော တိုင်းရင်းသားများကိုလည်း ပိုမိုသိရှိကူညီဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများပီပီ ပါတီနိုင်ငံရေး ကင်းရှင်းရမည့်အပြင် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်ကို သိရှိပြီး ကျင့်ကြံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဝန်ထမ်းများဖြစ်သည်နှင့်အညီ လူမှုဆက်ဆံရေးတွင် ပိုမိုကောင်းမွန်မှုရှိသူများဖြစ်ရန်လည်း လိုပါကြောင်း၊ မိမိထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို သိရှိပြီး ကျွမ်းကျင်စွာ ဆောင်ရွက်တတ်ရန်လိုပါကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင်လည်း စိတ်ဓာတ်ကောင်းမွန်ရန်၊ စည်းကမ်းရှိရန်၊ စည်းရုံးတတ်ရန်နှင့် စည်းလုံးညီညွတ်မှုရှိကြရန် လိုအပ်ပါကြောင်း၊ စည်းရုံးရေးမှူးကောင်းများဖြစ်အောင်လည်း ကြိုးစားသွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၁၂)ရပ်တို့ကို သိရှိနားလည်ပြီး မိမိကျရာကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ကြိုးစားဆောင်ရွက်ရန်နှင့် နိုင်ငံ့ဘဏ္ဍာရန်ပုံငွေများကို ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ သုံးစွဲဆောင်ရွက်ကြရန်၊ ဝန်ထမ်းများ သက်သာချောင်ချိရေးနှင့် ကျန်းမာရေးတို့ကိုလည်း အထူးဂရုပြု ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း မှာကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး က တိုင်းဒေသကြီးအတွင်း တိုင်းရင်းသားရေးရာ ကိစ္စရပ်များနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ဦးစီးဌာနနှစ်ခုမှ တာဝန်ခံအရာထမ်းများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် အခက်အခဲများကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

**ပိုမိုထိန်းသိမ်းမြှင့်တင်**

တင်ပြချက်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အဖွဲ့များအတွက် စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များ ပိုမိုထိန်းသိမ်းမြှင့်တင် ဆောင်ရွက်နိုင်ရန်အတွက် ဖွံ့ဖြိုးမှုထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အသေးစားလုပ်ငန်းများ တိုးချဲ့နိုင်ရန် ထောက်ပံ့ကူညီနိုင်ရေး ကွင်းဆင်းလေ့လာ

**ဖြူး ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်း ဒေသခံပြည်သူများ၏ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းများကို အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက် ကူညီဆောင်ရွက်သွားမည်ဖြစ်ရာ ယနေ့နံနက်ပိုင်းက ဖြူးမြို့နယ် ဂေါ်ဇီခြံရပ်ကွက် လမ်း(၃၀)အတွင်းရှိ မြေပဲယိုလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကွင်းဆင်းလေ့လာ စာရင်းကောက်ယူသည်။

**ထောက်ပံ့ကူညီရန် စီစဉ်**

ဖြူးမြို့နယ်၌ မြေပဲယိုလုပ်ငန်းလုပ်ကိုင်သူ သုံးဦးရှိကာ ဂေါ်ဇီခြံရပ်ကွက် လမ်း(၃၀)ရှိ မြေပဲယိုလုပ်ငန်းတွင် သကြားမြေပဲယို၊ ထန်းလျက်မြေပဲယို၊ နှမ်းမြေပဲယိုနှင့် မုန့်ပဲသရေစာများပါ တစ်နှစ်ပတ်လုံး ထုတ်လုပ်လျက်ရှိသည်။ အဆိုပါလုပ်ငန်းများ၌ ထုပ်ပိုးမှုနှင့် ပိုမိုဈေးကွက်ဝင် ဖြန့်ဖြူးရေးတွင် တိုးချဲ့လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများကို နိုင်ငံတော်အစိုးရအနေဖြင့် ထောက်ပံ့ကူညီရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ဒုတိယဝန်ကြီး ဦးမြင့်စိုး မုံရွာ၊ ဟားခါး၊ ကလေးမြို့များရှိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ဖေဖော်ဝါရီ ၁၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက် ဦးစီးဌာနလေးခုမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဌာနတွင်း စည်းလုံးညီညွတ်မှုကို တည်ဆောက်၍ နိုင်ငံအပေါ်သစ္စာရှိသော ဝန်ထမ်းကောင်းများဖြစ်စေရန်၊ လုံခြုံရေးသတိ၊ ကျန်းမာရေးအသိဖြင့် နေထိုင်သွားလာ ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး ဝန်ထမ်းများ၏ အခက်အခဲနှင့် လိုအပ်ချက်များ တင်ပြမှုအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အလားတူ ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၂၀ ရက်တွင် ချင်းပြည်နယ် ဟားခါးမြို့၌လည်းကောင်း၊ ဖေဖော်ဝါရီ ၂၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌လည်းကောင်း ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများကို တွေ့ဆုံအားပေးစကားပြောကြား၍ အခက်အခဲများ မေးမြန်းညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများ၊ ပြည်နယ်က ပေးအပ်လာသောတာဝန်များကို ကြိုးပမ်းထမ်းဆောင်ကြရန်၊ ဝန်ထမ်းအားလုံး ပါတီနိုင်ငံရေး ကင်းရှင်းရန်၊ မိမိဘဝတိုးတက်ရေးအတွက် စာဖတ်ခြင်းအလေ့အထပြုလုပ်ကြရန်၊ ကျန်းမာရေး ဗဟုသုတများနှင့်အညီ ကျင့်ကြံနေထိုင်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးမြင့်စိုး မုံရွာမြို့နယ်ရှိ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။



# (၅၁) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ တတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော “(၅၁)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ” တတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ် ၅ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် ပတ်ဝန်းကျင်အာဆင်းနစ် အဆိပ်သင့်မှုကြောင့် ယင်းဒေသတွင် နေထိုင်သူများ၌ တွေ့ရှိရသည့် ရေတို/ရေရှည် ဘေးထွက်ဆိုးကျိုးများကို ကျန်းမာရေးအသိပညာပေးရန် အရေးပါပုံ၊ အာဆင်းနစ်ပါဝင်သောရေကို ကာလရှည်သောက်သုံးထားသည့် ကိုယ်ဝန်ဆောင်မိခင်များမှ မွေးဖွားလာသော ကလေးများ၏ ကြီးထွားဖွံ့ဖြိုးမှုကို လေ့လာထားရှိသည့် သုတေသနရလဒ်များနှင့် သောက်သုံးရေတွင် အာဆင်းနစ်ပါဝင်မှုပမာဏ လျော့ကျစေအောင် ဆောင်ရွက်နိုင်သည့် နည်းလမ်းများအကြောင်း သိကောင်းစရာများကို တင်ပြဆွေးနွေးကြမည့် “Myanmar–Japan Joint Symposium (2023): Health Hazards of Environmental Arsenic Poisoning – ပတ်ဝန်းကျင်ရှိ အာဆင်းနစ်အဆိပ်သင့်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်များနှင့် ပတ်သက်သော ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ”ကို ကျင်းပသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲတွင် သဘာပတိများအဖြစ် Myanmar Institute of Strategic and International Studies, Ministry of Foreign Affairs မှ ဝါရင့်အကြံပေးအဖွဲ့ဝင်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကျန်းမာရေးပညာဌာန ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာခင်မောင်လွင်နှင့် ဂျပန်နိုင်ငံ University of Miyazaki မှ Professor Yoshitaka Hishikawa တို့က ဆောင်ရွက်ကြပြီး သဘာပတိ ဒေါက်တာခင်မောင်လွင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ University of Miyazaki မှ Professor Dr Yoshiki Kuroda က “အာဆင်းနစ်ပမာဏ ၅၀ ပီပီဘီထက်များသောရေကို သောက်သုံးသည့် ကိုယ်ဝန်ဆောင်မိခင်များမှ မွေးဖွားလာသောကလေးများ၏ ကြီးထွားမှုကို လေ့လာခြင်း”ကိုလည်းကောင်း၊ University of Miyazaki, Assistant Professor Yasunori Yano က “သောက်သုံးရေတွင် အာဆင်းနစ်ဓာတ်လျှော့ချသည့် နည်းလမ်းအမျိုးမျိုး” ကိုလည်းကောင်း၊ University of Miyazaki မှ Professor Dr Masahiro Amano က “ဂျပန်နိုင်ငံ အာဆင်းနစ်များသော တိုရိုကုဒေသတွင် နေထိုင်သောသူများ၏ အာဆင်းနစ်အဆိပ်သင့်မှုကို လေ့လာခြင်း” ကိုလည်းကောင်း၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာခင်ဖြူဖြူက “အာဆင်းနစ်များသော ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းဒေသရှိ နေထိုင်သူများ၏ ရေမှတစ်ဆင့် အာဆင်းနစ်အဆိပ်သင့်မှု ရှိ/မရှိ လေ့လာခြင်းနှင့် သောက်သုံးရေတွင် အာဆင်းနစ်ဓာတ်လျှော့ချသည့် နည်းလမ်းကို လေ့လာသောသုတေသန”ကိုလည်းကောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေပြားရောဂါအထူးကုဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာခိုင်ခိုင်ဇော်က “ခရုသင်းရောဂါလူနာများတွင် တွေ့ရသော အာဆင်းနစ်ကြောင့်ဖြစ်သည့် အရေပြားကင်ဆာရောဂါကို လေ့လာခြင်း”ကို လည်းကောင်း၊ ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာခင်မောင်လွင်က “အာဆင်းနစ်အဆိပ်သင့်စေသောရေများကို အများပြည်သူများ သောက်သုံးမှုမှ လျှော့ချပေးနိုင်သော နည်းလမ်းများကို လေ့လာခြင်း”ကို လည်းကောင်း သုတေသနတွေ့ရှိချက်များနှင့်တကွ ရှေ့ဆောင်ရွက်မည့် အစီအစဉ်တို့ကို ဆွေးနွေးတင်ပြကြသည်။

အဆိုပါ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ ပြည်တွင်း ပြည်ပမှ ပညာရှင်များ၊ သုတေသီများ ၁၅၀ ခန့် တက်ရောက်ကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေး အကြံပြုခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို အပိုင်းနှစ်ပိုင်းခွဲ၍ကျင်းပရာ သုတေသနစာတမ်း စုစုပေါင်း ၁၀ စောင်ကို ဖတ်ကြားတင်သွင်းခဲ့ကြသည်။ ပထမပိုင်းတွင် စာတမ်းဖတ်ပွဲ သဘာပတိများအဖြစ် ဆေးတက္ကသိုလ်(၁) ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာမေပြုံးကျော်၊ ဆေးတက္ကသိုလ်(၂) ပါမောက္ခ/ ဌာနမှူး ပါမောက္ခဒေါက်တာမြတ်မွန်ခိုင်တို့က ဆောင်ရွက်ကြသည်။

ဒုတိယပိုင်းတွင် စာတမ်းဖတ်ပွဲ သဘာပတိများအဖြစ် ဆေးတက္ကသိုလ်(၁) ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာနွယ်မာထွန်း၊ ဆေးတက္ကသိုလ်(၂) ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာခင်မေသင်းတို့ကဆောင်ရွက်ခဲ့ကြပြီး စာတမ်းဖတ်ပွဲများသို့ ဘာသာရပ်ဆိုင်ရာပညာရှင်များ၊ သုတေသီများ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများက စာတမ်းရှင်များအား မေးမြန်းဆွေးနွေး အကြံပြုကြသည်။

ညီလာခံကို ဖေဖော်ဝါရီ ၂၄ ရက်အထိ ငါးရက်တာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ကျန်းမာရေးဝန်ကြီးဌာန

(၅၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ မှ ၂၄ ရက်နေ့အထိ

ဆေးသုတေသနဦးစီးဌာန အမှတ်(၅)၊ ဇီဝကလမ်း၊ ရန်ကုန်မြို့

# လူမှုဖူလုံရေးစီမံကိန်းမှ ရွေ့လျားဆေးကုသယာဉ်ဖြင့် နေပြည်တော်(တပ်ကုန်း)ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ကျန်းမာရေးစစ်ဆေးပေးခြင်းများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ သက်ဆိုင်ရာဌာနများသို့ ကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် ဆေးကုသပေးခြင်းများ စီစဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် လူမှုဖူလုံရေးရုံးခွဲမှ ရွေ့လျားဆေးကုသယာဉ်ဖြင့် နေပြည်တော်(တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်၍ လူမှုဖူလုံရေးအသင်း ဝင်ရောက်ထားသည့်ဝန်ထမ်းများ (အာမခံအလုပ်သမားများ)ကို ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။**(အောက်ပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် ဆရာဝန်၊ သူနာပြုအပါအဝင် ကျန်းမာရေးဝန်ထမ်း ၂၀ က နေပြည်တော်(တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လူမှုဖူလုံရေးအသင်း ဝင်ရောက်ထားသည့်ဝန်ထမ်းများ (အာမခံအလုပ်သမား) ၁၀၀ ကျော်ကို ရောဂါများ စစ်ဆေးနိုင်ရန် သွေးဖောက်စစ်ဆေးခြင်း၊ နှလုံးခုန်နှုန်း တိုင်းတာစစ်ဆေးခြင်း၊ ဆီးချို၊ သွေးချို စစ်ဆေးခြင်း၊ ဆီးစစ်ဆေးခြင်းများနှင့် လိုအပ်သည့် ဆေးဝါးများပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

လူမှုဖူလုံရေး အဖွဲ့အနေဖြင့် လူမှုဖူလုံရေးစီမံကိန်းကို မြို့နယ်ပေါင်း ၁၁၉ မြို့နယ်ရှိ အကျုံးဝင် အာမခံ အလုပ်သမားပေါင်း ၁ ဒသမ ၂၃ သန်းခန့်အတွက် ကျန်းမာရေး စောင့်ရှောက်မှုနှင့် အကျိုးခံစားခွင့်များကို အလုပ်သမားဆေးရုံကြီး သုံးရုံ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးခွဲပေါင်း ၉၉ ရုံ၊ မြို့နယ်ဆေးခန်းပေါင်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၇ ခန်း၊ PPS စနစ်ဖြင့် Fee for Services Payment ဆေးခန်း ၁၂ ခန်း၊ Capitation Payment ဆေးခန်း ၂၅ ခန်း၊ သားဖွားမီးယပ် ဝန်ဆောင်မှုဆေးခန်း ရှစ်ခန်းနှင့် တိုင်းရင်းဆေးကုခန်း တစ်ခန်းတို့အပြင် ရွေ့လျားဆေးကုသယာဉ် နှစ်စီးဖြင့် ဆေးကုသမှုများကို အကောင်အထည်ဖော် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ရေချွေတာရေး နည်းလမ်းများ

- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

# လားရှိုးမြို့၌ အခြေခံအားကစားနည်း ငါးမျိုး အခမဲ့ သင်ကြားပေးမည်

**လားရှိုး ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ နွေရာသီကျောင်းပိတ်ရက်ကာလတွင် အခြေခံပညာအားကစားနည်း ငါးမျိုး အခမဲ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် နွေရာသီကျောင်းပိတ်ရက်များအတွင်း ကျောင်းသားလူငယ်များအနေဖြင့် အချိန်ကိုအကျိုးရှိစွာ အသုံးပြုနိုင်ရန်နှင့် ကျန်းမာပျော်ရွှင်စေရေး၊ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေး ရည်ရွယ်၍ ဘောလုံး၊ ခြင်းလုံး၊ ပြေးခုန်ပစ်၊ မြန်မာ့သိုင်း၊ ကရာတေးဒို စသည့် အားကစားနည်းများကို သက်ဆိုင်ရာ နည်းပြဆရာများဖြင့် စနစ်တကျသင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်သည်။

အားကစားနည်းများကို သင်ကြားလိုသော ကျောင်းသားလူငယ်များအနေဖြင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတွင် ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး မတ် ၆ ရက်မှ ၁၈ ရက် ညနေ ၃ နာရီမှ ၅ နာရီအထိ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ကျော်စိုး(ပြန်/ဆက်)**

# ဆောင်းဆီထွက်သီးနှံ(နေကြာ)တစ်ကွင်းတစ်ဆက်တည်းဧက ၁၀၀ စံပြကွက်အတွက် ရွက်ဖျန်းမြေသြဇာထောက်ပံ့

ဘားအံ ဖေဖော်ဝါရီ ၂၂

**ပြည်နယ်အတွင်း စားသုံးဆီဖူလုံမှုတိုးတက်ရေးအတွက် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ် အစရှိသော ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက ဘားအံမြို့နယ် ပေါ့ထော်ကျေးရွာအုပ်စု မင်းဇီတောင်သူကွင်းရှိ တစ်ကွင်းတစ်ဆက်တည်း ဧက ၁၀၀ ဆောင်းဆီထွက်သီးနှံ(နေကြာ)စိုက်တောင်သူများအား ရွက်ဖျန်းမြေသြဇာများ ထောက်ပံ့ပေးအပ်သည်။**



အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း စားသုံးဆီဖူလုံပို လျှံမှုရှိစေရေး ဆီထွက်သီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးစေခဲ့ရာ ဘားအံခရိုင်အတွင်း ၂၀၂၃ ခုနှစ် ဆီဖူလုံမှုရာခိုင်နှုန်းအနေဖြင့် ၁၄၇ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးတက်ရန်မျှော်မှန်းထားပြီး ၂၀၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း၊ ဆီထွက်သီးနှံများကို မြေလွတ်၊ မြေလပ်မကျန် တိုးချဲ့စိုက်ပျိုးရန်လိုအပ်သကဲ့သို့ ဆီထွက်နှုန်းကောင်းမွန်သည့်မျိုးများကို ရွေးချယ်စိုက်ပျိုးရန် မဖြစ်မနေလိုအပ်မည်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ အကျိုးအမြတ်ရရှိစေရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ် သက်သာစေရေး လိုအပ်သည့် သွင်းအားစုများကို အဘက်ဘက်မှ ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက နေကြာ နှစ်ဧကလျှင် ၅၀၀ ဂရမ်ပါရှိသော ရွက်ဖျန်းမြေသြဇာတစ်ထုပ်နှုန်းဖြင့် နေကြာဧက ၁၀၀ အတွက် ရွက်ဖျန်းမြေသြဇာအထုပ် ၅၀ ကို တောင်သူများထံ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ ပြည်နယ်တာဝန်ခံက နေကြာစိုက်ခင်းများအတွင်း ပျားဖြင့်ဝတ်မှုန်ကူးခြင်းအား လက်တွေ့ရှင်းလင်းပြသပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြင်ဖြစ်ထွန်းနေသော ဆောင်းဆီထွက်သီးနှံ(နေကြာ) တစ်ကွင်းတစ်ဆက်တည်း ဧက ၁၀၀ စံပြကွက်ကို လှည့်လည်ကြည့်ရှုအားပေးကြောင်း သိရသည်။

ပေါ့ထော်ကျေးရွာအုပ်စုတွင် ဆောင်းဆီထွက်သီးနှံ နေကြာ ၂၂၃ ဧက၊ ပဲပုပ် ၅၇၃ ဧက၊ မြေပဲ ၇၆၈ ဧက၊ နှမ်း ၆၈၁ ဧက စုစုပေါင်းဆီထွက်သီးနှံ ၂၂၅၅ ဧကကျော် စိုက်ပျိုးထားရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# ၂၀၂၃ ခုနှစ် (၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၂၂**

၂၀၂၃ ခုနှစ် (၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ၂၀၂၃ ခုနှစ် မတ် ၁၉ ရက်တွင် ကျရောက်မည့် (၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာနှင့် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ကော်မတီအသီးသီးကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ဖြစ်ကြောင်း၊ အထိမ်းအမှတ် အခမ်းအနားအပြင် မွန်တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအကအလှများ၊ တိုင်းရင်းသားများ၏ ရိုးရာအကအလှများ ဂုဏ်ပြုဖျော်ဖြေရေး အစီအစဉ်များကိုပါ ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်သည့်အတွက် ကဏ္ဍအလိုက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမည် ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ ပြခန်းများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ထုတ်ကုန် အရောင်းပြခန်း ထည့်သွင်း ပြသသွားမည်ဖြစ်သည့်အတွက် ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ ထုတ်ကုန်များအပြင် ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခု အစီအစဉ်ဖြင့် ပါဝင်ပြသနိုင်ရေး ဆောင်ရွက်ပေးရန်နှင့် အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဝင်များက (၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြသည်။

ဆက်လက်ပြီး တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကာ နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

# လျှပ်စစ်သုံးယာဉ်များအတွက် အိမ်သုံးအားသွင်းစက်များရောက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

Chin Dwin Shan Co., Ltd. က လျှပ်စစ်သုံး ယာဉ်များအတွက် အိမ်သုံးအားသွင်းစက် 7KW GB AC Charger ငါးခုကို ယမန်နေ့က ဆိပ်ကမ်းမှ ထုတ်ယူခဲ့ကြောင်း သိရသည်။

အဆိုပါ Charger များ တင်သွင်းမှုကို ပြည်တွင်းလျှပ်စစ်သုံးယာဉ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောက်ခွန်ကင်းလွတ် သက်သာခွင့်ပြုထားကြောင်း သိရသည်။ လျှပ်စစ်သုံးယာဉ်များကို ဓာတ်အားဖြည့်သွင်းရာတွင် ယခုကဲ့သို့ အိမ်သုံး 7KW Charger များဖြင့် မိမိအိမ်တွင် အလွယ်တကူ တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

# ပြင်ဦးလွင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း လက်အောက်ရှိ သားဖွားခန်းနှင့် မူကြိုကျောင်းများသို့ ဆေးနှင့် ဆေးပစ္စည်းများထောက်ပံ့

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မိခင်နှင့်ကလေးအသင်းပိုင် သားဖွားခန်းသို့ ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့က ရပ်ကွက်ကြီး(၄)ရှိ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း လက်အောက်ရှိ သားဖွားခန်းနှင့် မေတ္တာပန်းငုံမူကြိုကျောင်း ရပ်ကွက်ကြီး (၂၁) မိုးကြိုးကွက်သစ်ရှိ မေတ္တာစမ်းရေ မူလတန်းကြို ကျောင်းတို့၌ ကျင်းပသည်။



အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် မန္တလေးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာအောင်က ကျန်းမာရေးသိကောင်းစရာများနှင့် ကျန်းမာရေး စောင့်ရှောက်မှုများကို ရှင်းလင်းပြောကြားပြီး သားဖွားခန်းသုံးပစ္စည်းများနှင့် မေတ္တာပန်းငုံမူကြိုကျောင်းရှိ ကလေးငယ်များအတွက် ပစ္စည်းများ ထောက်ပံ့ ပေးအပ်ခဲ့ကြကာ ကျန်းမာရေး စောင့်ရှောက်မှုများကို သွားရောက်ကြည့်ရှုကြသည်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့သည် ရပ်ကွက်ကြီး (၂၁) မိုးကြိုးကွက်သစ် မေတ္တာစမ်းရေ မူလတန်းကြိုကျောင်းရှိ ကလေးငယ်များအား အာဟာရဖြည့်စွက် အစားအစာများကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လင်းခေးအဝင်နှင့် ရင်ထဲကအမှတ်တရ ဟိုမိန်း

မြင့်စိုး(နတလ)



**လင်းခေးအဝင် (သို့မဟုတ်) ကိုထီးအမှတ်တရ**

သီချင်းအမည်လေးက လင်းခေးအဝင် ...တဲ့

စိုင်းထီးဆိုင် (သို့မဟုတ်) ကိုထီးရဲ့ လက်ရာ၊ ဒီသီချင်းကိုရေးပြီး သူကိုယ်တိုင်ဆိုသွား ဖြစ်ခဲ့ရဲ့လား သေချာမသိပေမယ့် တေးသံရှင်ဘိုဖြူနဲ့ ကိုထီးရဲ့သမီး ဆိုင်စံတို့ ဆိုထားတာတော့ ကြားဖူးနေပါတယ်။ သံစဉ်စာသားလေးတွေအားလုံး လင်းခေးမြို့အဝင် မြင်ကွင်းတွေနဲ့ လိုက်ဖက်ပါတယ်။ စိုင်းထီးဆိုင် အဖို့တော့ ဒီသီချင်းဟာ သူ့ဇာတိမြို့လေးအတွက် နှုတ်ဆက်သီချင်း ဖြစ်ကောင်းဖြစ်နေပါလိမ့်မယ်။

သာယာတဲ့ x x x x တိမ်လွှာတိမ်လိပ်အနား
ရောက်အောင်
တောင်ပြာတွေ အဆင့်ဆင့်မြင့်မားစွာ x x x x
x x x
ရောက်ချင်ဇော x x x x x x
မျှော်သူရင်မော နွမ်းလှပြီ x x x x x x
အမြင်သာနီး ခရီးဝေးတဲ့တောင် x x x x
မှိုင်းညို့ဆိုင်းလို့ရယ် x x x x နှင်းမြူတွေလွှမ်းခြုံ
တဲ့ကြား
ချောင်းလေးကလည်း အသာ x x x x စီးဆင်းကာ
အတန်းလိုက် အကန့်နဲ့ခြား ဝိုင်းရံကာတဲ့
မြို့အဝင် x x x x
နေညိုချိန် ပန်းချီကားအလားပမာ x x x x

ကျွန်တော်တို့ လင်းခေးမြို့လေးကို စဝင်တော့ ကိုထီးပြောတဲ့ နေညိုချိန် မရောက်သေးတာကလွဲရင် အမြင်သာနီး ခရီးဝေးတဲ့တောင်ရယ်လို့ သူတင်စားရေးဖွဲ့ခဲ့တဲ့ ဟိုအဝေးဆီမှာ လွယ်လုံတောင်တန်းပြာကြီးက လှမ်းကြိုလို့နေပါပြီ။ လွယ်လုံတောင်ကို ဒေသအခေါ် လွယ်စလူးလို့လည်း ခေါ်ကြသေးတယ်ဆိုရဲ့။ သာသာယာယာလေး စီးဆင်းနေတယ်ဆိုတဲ့ ချောင်းကလေးက နမ့်တိန်းချောင်းပါ။ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသများကနေ (တောင်ပိုင်း) ဒေသမြို့ရွာများစွာကို ဖြတ်သန်းစီးဆင်းရင်း တာဆွတ်တိန်း ကူးတို့ဆိပ်အနီးမှာ သံလွင်မြစ်နဲ့ ပေါင်းဆုံပါတယ်။ ရေက ပြာလဲ့နေတယ်လို့ပဲ ပြောရမလား၊ ကြည်စိမ်းနေတယ်လို့ပဲ ဆိုရမလား၊ အလွန်လှပါတယ်။ ကိုဘိုဖြူရဲ့ အသံကိုပဲကြားကြား၊ သမီးဆိုင်စံ အသံကိုပဲကြားကြား၊ တေးလောကမှာ ထင်ရှားကျော်ကြားခဲ့တဲ့ ကိုစိုင်းထီးဆိုင်ကို သတိရမိတာ အမှန်ပါပဲ။ ၁၉၈၃ ခုနှစ်လို့ ထင်ပါရဲ့၊ ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချား၊ မိုင်းကိုင်၊ မိုင်းနောင်ဒေသတွေကို စစ်ဆင်ရေးထွက်ရင်း လွိုင်လင်မြို့ လမ်းမကြီးဘေးက လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ကိုစိုင်းထီးဆိုင် ထိုင်နေတာကိုတွေ့လို့ ကျွန်တော်တို့ အဖွဲ့တွေ သွားနှုတ်ဆက်ခဲ့ကြတာကိုလည်း အမှတ်ရနေမိပါတယ်။

**လင်းခေးဒေသက စိုက်ပျိုးရေးလုပ်ငန်းတွေ**

လင်းခေးအဝင် သီချင်းလေးအကြောင်း ပြောပြီး သကာလ ကျွန်တော်တို့အဖွဲ့ရဲ့ ခရီးစဉ်နဲ့လာရင်း ရည်ရွယ်ချက်ကိုလည်း ပြောပြရပေဦးတော့မယ်။ ဇန်နဝါရီ ၂၆ ရက်မှာ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းလောင်းမြို့နယ်ထဲက နောင်တရားမြို့လေးကို ရောက်ခဲ့ပြီ၊ ပအိုဝ်းတိုင်းရင်းသား ညီအစ်ကိုတွေ သဘာဝမြေဩဇာ စက်ရုံတည်ဆောက်နေတာသိရလို့ ဝင်ရောက်ကြည့်ရှုရင်း အားပေးနှုတ်ဆက်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံက တောင်သူလယ်သမားတွေ သဘာဝမြေဩဇာသုံးစွဲမှုကို ပစ်ပယ်ပြီး ဓာတ်မြေဩဇာတွေ နောက်ကို အသည်းအသန်လိုက်နေကြတယ်။ ရှိရင်းမြေဆီလွှာတွေ ပျက်ယွင်းကုန်တယ်။ နိုင်ငံခြားငွေလည်း မတရားသုံးရတယ်ဆိုတော့ သဘာဝမြေဩဇာ သုံးစွဲဖို့ (ရောနှောသုံးစွဲဖို့) ပညာပေးနေတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ရှိသူများကို ကျေးဇူးတင်ပါတယ်။ ထိုနည်းတူစွာ ဒီလိုအချိန်မှာ သဘာဝမြေဩဇာ ထုတ်လုပ်သူတိုင်းကိုလည်း လေးစားဂုဏ်ယူစွာ အားပေးပါတယ်။

တောင်ကြီးကတစ်ဆင့် နမ့်စန်နဲ့ လွိုင်လင်မြို့တွေကိုဖြတ်တော့ ခရိုင်အဆင့် မြို့တွေဖြစ်တဲ့အတွက် ကျွန်တော်တို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်က ဦးစီးဌာနလေးခုက ဝန်ထမ်းတွေနဲ့ တွေ့ဆုံမှာကြားပါတယ်။ အဓိကမှာဖြစ်တာက ဌာနတွင်း စည်းလုံးညီညွတ်မှုကို တည်ဆောက်ဖို့၊ ဦးစီးဌာနလေးခု ပူးပေါင်းပြီး ဝန်ကြီးဌာနရဲ့မူဝါဒ၊ လုပ်ငန်းစဉ်၊ ရည်မှန်းချက်တွေ အောင်မြင်အောင်၊ နိုင်ငံ့စီးပွား မြှင့်တင်ရေးလုပ်ငန်းတွေမှာ ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်လာတဲ့ လုပ်ငန်းတာဝန်တွေ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြဖို့၊ ဝန်ထမ်းတစ်ဦးချင်းစီရဲ့ ကိုယ်ရေးကိုယ်တာ အခက်အခဲ၊ မိသားစုအခက်အခဲတွေ ရှိရင်လည်း ဒါဘာသဘောမျိုး တင်ပြကြဖို့ တွေ့ဆုံမှာကြားခဲ့ပါတယ်။ လင်းခေးအဝင်သီချင်းလေးနဲ့ လင်းခေးကို ဝင်လာပြီးတဲ့နောက် လုပ်ရမယ့် အလုပ်တွေရှိလာပါပြီ။ ဒီခရီးကို ထွက်မလာခင်မှာ ပြည်ထောင်စုဝန်ကြီးဦးလှမိုး သေချာမှာလိုက်တာတွေရှိနေပါတယ်။ လင်းခေးဒေသမှာ ချောင်းပိတ်မြောင်းပိတ်နဲ့ စိုက်ပျိုးရေရအောင် လုပ်နိုင်မယ့်နေရာတွေမှာ လုပ်ပေးဖို့ပါ။ ဒါးဆိပ်ရွာမှာ ဆိုလာစွမ်းအင်သုံး စိုက်ပျိုးရေရရှိရေး လုပ်ငန်းနဲ့ သောက်သုံးရေ ရရှိရေးလုပ်ငန်းတွေကို ကြည့်ရှုပြီး လိုအပ်တာတွေ ထပ်မံညှိနှိုင်းပေးခဲ့ပါတယ်။ အဲဒီကနေ ပန်ကျိုင်းနဲ့ ဝမ်ကွန်ကျေးရွာတွေကို သွားရောက်ပြီး နမ့်တိန်းချောင်းထဲကနေ ရေရဟတ်ကြီးတွေနဲ့ ရေတင်စိုက်ပျိုးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆိုင်စံသီဆိုထားတဲ့ လင်းခေးအဝင် သီချင်းထဲက ရေရဟတ်ကြီးများပါပဲ။ လင်းခေးဒေသ စိုက်ပျိုးရေရဖို့ နည်းလမ်းများထဲက တစ်ခုပေါ့။ လင်းခေးမှာ တစ်ညအိပ်ပြီး နောက်နေ့မနက်ပိုင်းမှာ ဟိုမိန်းမြို့လေးကို ခရီးဆက်ခဲ့ပါတယ်။

**တစ်ခါက ဟိုမိန်းဒေသပုံရိပ်များ**

ရှမ်းပြည်နယ် (တောင်ပိုင်း) မြန်မာ-ထိုင်း နယ်စပ်အနီးက ဟိုမိန်းမြို့လေးကို ဒီတစ်ခေါက်နဲ့ပါဆိုရင် ကျွန်တော် လေးခေါက်မြောက် ရောက်ခဲ့ခြင်းပါ။ ၁၉၉၆ ခုနှစ်မှာ ဦးခွန်ဆာခေါင်းဆောင်တဲ့ MTA (လွယ်မော်) အဖွဲ့ အကြွင်းမဲ့လက်နက်စွန့်ချိန်မှာ ဟိုမိန်းဒေသရဲ့ အထူးအုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းပြီး တာဝန်ပေးစေလွှတ်ခဲ့ပါတယ်။ အဖွဲ့ဝင် ၃၅ ယောက်ထဲမှာ ကျွန်တော်က နတလကိုယ်စားလှယ်အဖြစ် လိုက်ပါခဲ့ရခြင်း ဖြစ်ပါတယ်။ အုပ်ချုပ်ရေးအဖွဲ့ဝင်တွေထဲမှာလည်း တပ်မတော်၊ မြန်မာနိုင်ငံရဲ၊ နတလ၊ ထွေအုပ်၊ တရားရေး၊ ဥပဒေ၊ အကောက်ခွန်၊ လဝက ဆိုတဲ့ဌာန အသီးသီးက အရာထမ်း၊ အမှုထမ်းတွေ ပါဝင်လာခဲ့ပါတယ်။ ၁၉၉၆ ခုနှစ် ဇန်နဝါရီ ၂၁ ရက်မှာ ကျွန်တော်တို့အဖွဲ့ကို ရန်ကုန်ကနေ တပ်မတော်လေယာဉ်နဲ့ နမ့်စန်ကို ပို့ပေးပါတယ်။ နမ့်စန်-လင်းခေး ခရီးကတော့ ကားနဲ့ပါ။ လင်းခေးကနေ ဟိုမိန်းမြို့လေးကို ရဟတ်ယာဉ်နဲ့ ပို့ဆောင်ပေးပါတယ်။ ဟိုမိန်းဒေသရဲ့ အထွေထွေအုပ်ချုပ်ရေးကိစ္စတွေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းတွေ၊ လဝက လုပ်ငန်းတွေ၊ တရားဥပဒေစိုးမိုးရေး ကိစ္စတွေ၊ စိုက်ပျိုးရေးလုပ်ငန်းတွေကအစ ကား/ မော်တော်ဆိုင်ကယ်တွေ ယာယီမှတ်ပုံတင်ပေးတာအဆုံး လုပ်သင့်လုပ်ထိုက်တာတွေ လုပ်ပေးကြရင်း တစ်နှစ်တာ ကာလဟာ ကုန်လို့ကုန်မှန်းမသိ ဖြစ်သွားခဲ့ရတယ်။

ဒီကာလအတွင်းမှာ ဟိုမိန်းမြို့လေးရဲ့ အရှေ့ဘက် ၁၂ မိုင်အကွာက မြန်မာ-ထိုင်းနယ်စပ် နားမွန်းလုံရွာကိုလည်း ရောက်ခဲ့တယ်။ ဟိုမိန်း မြောက်ဘက် နောင်အောကတစ်ဆင့် ခန့်ပါကိုဖြတ်ပြီး မုံးထော်/ မုံးထကိုလည်း သွားခဲ့ကြရတယ်။ အဲဒီဘက်မှာတော့ မြန်မာ-ထိုင်း နယ်စပ်မှာ ပန်ကံ့ကော်ဆိုတဲ့ ရွာလေးရှိနေပါတယ်။ ရွာနာမည်လေးက ကဗျာဆန်တယ်နော်၊ ဟိုမိန်းတောင်ဘက်မှာ မယ်အောရွာနဲ့ အခြားရွာတွေရှိနေတယ်။ ဟိုမိန်းရဲ့ အနောက်ဘက်မှာရော သံလွင်မြစ်ကြီး ရှိနေတယ်လေ။ လင်းခေးကနေ ဟန်လွိုင်ရွာ၊ ဝမ်ဟတ်ရွာ၊ မအွန်လောင်းရွာစဉ်အတိုင်း နားကုန်းကို ရောက်ပါမယ်။ တာဆွတ်တိန်းမှာ ကူးတို့ဆိပ် မရှိခင်ကတော့ တာအွန်မှ ကူးတို့ဆိပ်ကနေ သံလွင်မြစ်ကို ဖြတ်ကူးကြပြီး ပွိုင့် ၃၇၇၅၊ အဲဒီကမှ မယိုးယံရွာလေးကို ခရီး ဆက်ကြရပါတယ်။ ၁၉၉၆ ခုနှစ်ကတော့ မယိုးယံဟာ ကြားစခန်းသဘောမျိုး ရွာလေးရှိနေပါတယ်။ အခုတော့ စျေးဆိုင်လေးနှစ်ဆိုင်ပဲ ကျန်နေခဲ့ပြီး ပြောင်းသွားကြပါပြီ။ ဟိုမိန်းဒေသမှ ရဟန်းသံဃာတော်များ၊ ကျေးရွာနေ ပြည်သူများအတွက် ရိက္ခာဆန်တွေ၊

*စာမျက်နှာ ၁၁ သို့*

> **“တောင်သူလယ်သမားတွေ သဘာဝမြေဩဇာသုံးစွဲမှုကို ပစ်ပယ်ပြီး ဓာတ်မြေဩဇာတွေနောက်ကို အသည်းအသန်လိုက်နေကြတယ်။ ရှိရင်းမြေဆီလွှာတွေ ပျက်ယွင်းကုန်တယ်။ နိုင်ငံခြားငွေလည်း မတရားသုံးရတယ်ဆိုတော့ သဘာဝမြေဩဇာသုံးစွဲဖို့ (ရောနှောသုံးစွဲဖို့) ပညာပေးနေတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ရှိသူများကို ကျေးဇူးတင်ပါတယ်။ ထိုနည်းတူစွာ ဒီလိုအချိန်မှာ သဘာဝမြေဩဇာထုတ်လုပ်သူတိုင်းကိုလည်း လေးစားဂုဏ်ယူစွာ အားပေးပါတယ်”**

## တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် မြိတ်မြို့ သားဖွားသင်တန်းကျောင်း၌ သားဖွားသင်တန်းများ ဖွင့်လှစ်နေမှုကြည့်ရှု

**မြိတ် ဖေဖော်ဝါရီ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၁ ရက်က မြိတ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် တက္ကသိုလ်ကြက်ခြေနီအသင်း (ခွဲ) ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်း အမှတ်စဉ် (၁/၂၀၂၃) ဆင်းပွဲနှင့် ထူးချွန်ဆု ချီးမြှင့်ပွဲသို့ တက်ရောက်ခဲ့ရာ သင်တန်းဆင်းပွဲကို သင်တန်းသား သင်တန်းသူများက စေတနာလုပ်အားရှင် ကြက်ခြေနီ ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြိတ်တက္ကသိုလ်ကြက်ခြေနီအသင်း(ခွဲ) အနေဖြင့် တက္ကသိုလ် ကျောင်းသားကျောင်းသူများကို လူမှုဝန်ထမ်းစိတ်ဓာတ်ရှိပြီး လူအများကို ကူညီတတ်စေရန်နှင့် မိမိနှင့် မိမိပတ်ဝန်းကျင်ရှိ လူအများကို ရှေးဦးပြုစုခြင်း လုပ်ငန်းများဖြင့် ပြုစုပေးတတ်ရန်၊ ရုတ်တရက် ထိခိုက်ဒဏ်ရာရရှိမှုများကို ရှေးဦးပြုစုခြင်းပညာဖြင့် ကူညီတတ်စေရန် ရည်ရွယ်ပြီး ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထူးချွန်ဆုရရှိသူ သင်တန်းသား သင်တန်းသူများအား သင်တန်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြိတ်မြို့ သားဖွား သင်တန်းကျောင်းသို့ ရောက်ရှိခဲ့ကြ၍ သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုရာ သင်တန်းကျောင်း ကျောင်းအုပ် ဒေါ်ယုယုမော်က အရန်သားဖွားခြောက်လသင်တန်း ဖွင့်လှစ်သင်ကြားနေမှုနှင့် သားဖွားသင်တန်း နှစ်အလိုက်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုများကို လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

## စလင်းမြို့နယ် သရက်တောကျေးရွာတွင် စွမ်းအားမြှင့်မီးဖို ၂၇၇ လုံး အခမဲ့ဖြန့်ဝေ

**စလင်း ဖေဖော်ဝါရီ ၂၂**

ကိုရီးယားသမ္မတနိုင်ငံ Climate change center ၏ အစီအစဉ်ဖြင့် ပေးအပ်သည့် စွမ်းအားမြှင့်မီးဖိုများကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် သရက်တောကျေးရွာ အိမ်ထောင်စုများအတွက် အခမဲ့ဖြန့်ဝေခြင်းကို ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဖေဖော်ဝါရီ ၁၉ ရက်က ဆောင်ရွက်သည်။

ရှေးဦးစွာ မင်းဘူးခရိုင် အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးလွင်ထွန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညွန့်ရွှေက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြောခြင်းနှင့် စွမ်းအားမြှင့် မီးဖိုများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ကျေးရွာပြည်သူလူထုအနေဖြင့် မိမိတို့ပတ်ဝန်းကျင်ရှိ သစ်တောစိုက်ခင်းများနှင့် သဘာဝတောများကို ပြုန်းတီးမှုမဖြစ်အောင် ဝိုင်းဝန်းကူညီထိန်းသိမ်းစောင့်ရှောက်ကြရန် ပြောကြားပြီး သရက်တောကျေးရွာ ပြည်သူ ၂၇၇ ဦးတို့အား ခရိုင်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက အခမဲ့ဖြန့်ဝေပေးသည်။ စလင်းမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စွမ်းအားမြှင့်မီးဖို ၄၈၀၀ ကို ကျေးရွာပေါင်း ၂၆ ရွာရှိ အိမ်ထောင်စုများအတွက် အခမဲ့ဖြန့်ဝေမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

ဆားအိတ်တွေ၊ ပဲအိတ်တွေကို ကူညီထောက်ပံ့ပေးနိုင်ဖို့ တပ်မတော်သားတွေက သံလွင်မြစ် တာအွန်မှူကူးတို့ဆိပ်ကနေ ပွိုင့် ၃၇၇၅၊ အဲဒီကနေ မယိုးယံအထိ ပင်ပန်းကြီးစွာ ထမ်းပိုးသယ်ယူပေးကြတဲ့ မြင်ကွင်းကို ဒီနေ့ထိ ကျွန်တော်မြင်ယောင်နေမိပါတယ်။ သူတို့တော်တော်လေးကို ပင်ပန်းခဲ့ကြပါတယ်။

### ရင်ထဲက အမှတ်တရ ဟိုမိန်း

၁၉၉၆ ခုနှစ် ဟိုမိန်းမှာ ကျွန်တော်တို့ အုပ်ချုပ်ရေးအဖွဲ့ ရှိနေစဉ်ကာလ နောင်လုံကန်ကြီးနံဘေးကျင်းပပြုလုပ်ခဲ့တဲ့ သင်္ကြန်ပွဲတော်ဟာ အတော်လေးကို စည်ကားခဲ့ပါတယ်။ တပ်မတော်သားတွေ၊ MTA ရဲဘော်တွေ၊ ကျွန်တော်တို့ ဝန်ထမ်းတွေ၊ ဒေသခံပြည်သူတွေ စုပေါင်းဆင်နွှဲခဲ့ကြတာမို့ ဒီသင်္ကြန်ကို ကျွန်တော်က ငြိမ်းချမ်းရေးသင်္ကြန်လို့ အမည်ပေးခဲ့ဖူးပါတယ်။ ရင်ထဲကအမှတ်တရ နောက်တစ်ခုကတော့ ဟိုမိန်းမြို့လေးနားက လယ်တွေကို မြေပြုပြင်ထွန်ယက်ပေးပြီး စပါးစိုက်ပျိုးဖို့ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးက သူ့ရဲ့ခရီးစဉ်မှာ လမ်းညွှန်မှာကြားခဲ့ပါတယ်။ အမှတ် (၂၀၃) စပါးမျိုးတွေ ရောက်လာပါတယ်။ နတလကလည်း လက်တွန်းထွန်စက်တွေ ပို့ပေးပါတယ်။ စိုက်ပျိုးရေးတာဝန်ခံကတော့ ကျွန်တော် မြင့်စိုး (နတလ) ပဲပေါ့။ ရှိသမျှမြေ၊ စိုက်ပျိုးလို့ရသမျှမြေတွေကို ထွန်ယက်ပြုပြင်ပြီး ကောက်စိုက်ပွဲကြီးကျင်းပလိုက်တာ ဘယ်ပြောကောင်းမလဲဗျာ၊ ကောက်စိုက်သမ ၃၀၀ ကျော် တပျော်တပါး ပါဝင်စိုက်ပျိုးတဲ့ ကောက်စိုက်ပွဲတော်ကြီး ဖြစ်သွားပါရောလား။ အမှတ်တရပါပဲ။ ရပ်ကွက်လိုက် ဘောလုံးပြိုင်ပွဲတွေလည်း ကျင်းပခဲ့ကြတယ်။ ကညာပျိုနဲ့ ဇရာအို ဘောလုံးပွဲတောင်ပါသေး။ ဒိုင်လူကြီးလုပ်ပေးတဲ့ ဦးရွက်ခေးတောင် ၈၈ နှစ်နဲ့ ကွယ်လွန်ခဲ့ပြီ။ ခရီးစဉ်လာခဲ့ကြတဲ့ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်အောင်၊ ဒုတိယဗိုလ်ချုပ်ကြီး မြသင်း၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်သင့်တို့လည်း မရှိကြတော့ပြီ။

### ရောက်ခဲ့ပါပြီ ဟိုမိန်းမြို့လေးဆီ

နတလဝန်ထမ်းဘဝမှာပဲ ဒုတိယ၊ တတိယအကြိမ်မြောက် ဟိုမိန်းဒေသကို ရောက်ခဲ့ပါသေးတယ်။ အခုတစ်ကြိမ်ကတော့ စတုတ္ထအခေါက်ပေါ့။ ဝမ်းမြောက်စရာ မြင့်ခဲ့ရတာတွေကတော့ လင်းခေးနဲ့ တာဆွတ်တိန်းကူးတို့ဆိပ်ကြားက ရွာတွေဟာ လမ်းတွေကောင်း၊ မီးတွေလင်း၊ ဆက်သွယ်ရေးတိုင်ကိုယ်စီနဲ့ အိမ်တွေကလည်း တိုက်ခံအိမ်တွေကခပ်များများဖြစ်နေကြပါပြီ။ တာဆွတ်တိန်းကူးတို့ဆိပ်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက သံလွင်တံတား (တာဆွတ်တိန်း) ကို စတင် တည်ဆောက်ပေးနေပါပြီ။ တာဆွတ်တိန်းနဲ့ ဟိုမိန်းအကြားကားလမ်း (၃၂/၆) မိုင်ကတော့ တချို့နေရာတွေမှာ ပြုပြင်ရပါဦးမယ်။ ကျွန်တော်ဝမ်းအသာဆုံးမြင်ကွင်းက ဟိုမိန်းမြို့လေးဟာ နောင်လုံကန်ကြီးက ထုတ်လုပ်ပေးတဲ့ ရေအားလျှပ်စစ်နဲ့ ၂၄ နာရီ မီးလင်းနေတာကိုပါပဲ။ ရှေးကာလတွေမှာကတည်းက ရေအားလျှပ်စစ်ထုတ်လုပ်ဖို့ စီစဉ်ဆောင်ရွက်ခဲ့ကြပေမယ့် အဆင်မပြေခဲ့ပါ။ ပြီးခဲ့တဲ့နှစ်မှာ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေနဲ့ ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ ပြန်လည်ရောက်တုန်း ရောက်ခိုက်မှာ ဝမ်မိုင်၊ မိုက်ပုတ်ခမ်း၊ ဝမ်မိုက်လုပ်လေ ကျေးရွာတွေရဲ့ ရေရရှိရေးလုပ်ငန်း၊ စာသင်ကျောင်းပြုပြင်ခြင်း လုပ်ငန်းတွေအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ထောက်ပံ့ပေးခဲ့ပါတယ်။ အဘဦးညွန့်ဆွေတို့ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းဖောင်ဒေးရှင်းကနေ တင်ပြတောင်းခံလာခဲ့တဲ့ သုတရသစာအုပ်တွေကို ဟိုမိန်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ကို ပေးအပ်လှူဒါန်းခဲ့ပါတယ်။ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်တွေက ထုတ်ဝေခဲ့တဲ့ မဂ္ဂဇင်းတွေကိုတော့ ဟိုမိန်းမြို့ အထက်တန်းကျောင်းအတွက် လှူဒါန်းခဲ့ပါတယ်။ ဟိုမိန်း-နားမွန်းလုံ လမ်းကတော့ နတလလမ်းဖြစ်ပြီး နားမွန်းလုံအထိ ရောက်ခဲ့ပါသေးတယ်။ စိတ်ထဲမှာတော့ နောင်အော-ခန့်ပါကနေ မုံးထော်/ မုံးထ ဘက်လည်းသွားချင်၊ တောင်ဘက်ခြမ်းက မယ်အောရွာတွေဘက်လည်း သွားချင်နေမိတာ အမှန်ပါပဲ။ ဟိုမိန်းဒေသဟာ သံလွင်တံတား (တာဆွတ်တိန်း) တည်ဆောက်ပြီးစီးသွားချိန်မှာ ပိုမိုဖွံ့ဖြိုး တိုးတက်လာလိမ့်မယ်လို့ ယုံကြည်ထားပါတယ်။ နှုတ်ဆက်ခဲ့ပါတယ် ဟိုမိန်းမြို့လေးရေ…။ ။





# ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံ့ဝန်ထမ်းကျွမ်းကျင်မှု အရည်အချင်းမြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များမှ အရာထမ်း၊ အမှုထမ်းများဖြင့် ဆောင်ရွက်ခဲ့သော နိုင်ငံ့ဝန်ထမ်းကျွမ်းကျင်မှုအရည်အချင်း မြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီက ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ် (၁၇) စုပေါင်းခန်းမတွင် ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစစ်အေးက ဆုရရှိသူများကို ဆုချီးမြှင့်ပေးအပ်ပြီး အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနား နိဂုံးချုပ် အမှာစကား ပြောကြားသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ပြောကြားရာတွင် အလုပ်ရုံဆွေးနွေးပွဲ သုံးရက်တာ ကာလအတွင်း ဦးဆောင်ဆွေးနွေးသူများက ခေါင်းစဉ်အလိုက် အချိန်ကိုက်ကွပ်ကဲဆောင်ရွက်နိုင်ခြင်း၊ တင်ပြဆွေးနွေးသူများကလည်း ပေးထားသည့် ခေါင်းစဉ်အလိုက် ရှုထောင့်အမြင်အမျိုးမျိုးဖြင့် ဆွေးနွေးတင်ပြကြပြီး ပါဝင်ဆွေးနွေးသူများက မေးခွန်းများ မေးမြန်းခြင်းနှင့် မိမိတို့လုပ်ငန်းအတွေ့အကြုံများအလိုက် မျှဝေနိုင်သည်ကို တွေ့ရှိပါကြောင်း၊ Assessment Team မှ တာဝန်ရှိသူများကလည်း အကြောင်းအရာခေါင်းစဉ်အလိုက် အတွေ့အကြုံနှင့် အမြင်များ ဆွေးနွေးဖလှယ်ခြင်း၊ ယနေ့တွင်လည်း ပထမနေ့စ်ရက်က တင်ပြဆွေးနွေးမှုများကို အကျဉ်း ပြန်လည်ပြောကြားပေးခြင်းနှင့် ရှေ့ဆက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ရှာဖွေဖော်ထုတ်ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ထုတ်ဖော်ဆွေးနွေးနိုင်ခဲ့သည့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာနအလိုက် အကြီးအကဲများက ကြီးကြပ်ကွပ်ကဲ၍ သီးခြားဖြန့်ဝေသွားရန် ဖြစ်ကြောင်း၊ အချို့အကြောင်းအရာများသည် မိမိတို့ချမှတ်ပြီးသည့် မူဝါဒ၊ လမ်းညွှန်ချက်များနှင့် ရုံးဌာနအဖွဲ့အစည်းများ၌ ဖြစ်လေ့ဖြစ်ထရှိသည့် လုပ်ငန်းသဘောသဘာဝများသာဖြစ်သည့်အတွက် ပိုမိုကောင်းသည်ထက် ကောင်းအောင်၊ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲကာလအတွင်း ဆုများချီးမြှင့်ပေးအပ်နိုင်ရေးအတွက် Assessment Team မှ တာဝန်ရှိသူများက တိကျမှန်ကန်စွာ စနစ်တကျ ရွေးချယ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် မိမိတို့ကျရာကဏ္ဍအလိုက် တာဝန်ကျေပွန်စွာဆောင်ရွက်တတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်ခြင်းတို့ကိုလည်း မွေးမြူပေးနိုင်ခဲ့ကြောင်း၊ နောင်တွင်ကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲများတွင်လည်း ဌာနအတွက် အကျိုးဖြစ်ထွန်းစေမည့် ဆွေးနွေးတင်ပြချက်များကို ဝိုင်းဝန်းဆွေးနွေးတင်ပြခြင်းဖြင့် ထိရောက်အကျိုးရှိသည့် အလုပ်ရုံဆွေးနွေးပွဲများ ဆက်လက်ဆောင်ရွက်သွားရန် ပြောကြားသည်။




အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးရဲနိုင်၊ ဦးစိုးတင့်၊ သူရဦးဘိုနီနှင့် ဦးသန်းဝင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကာလမှာ ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိဖြစ်ပြီး သတ်မှတ်ခေါင်းစဉ်များအလိုက် ဆွေးနွေးမှုများပြုလုပ်ခြင်း၊ အုပ်စုအလိုက်ခွဲ၍ ဆွေးနွေးခြင်း၊ ဆွေးနွေးမှုရလဒ်များကို ပြန်လည်တင်ပြခြင်း၊ ရလဒ်များသုံးသပ်ဖော်ထုတ်ခြင်း၊ အကဲဖြတ်အဖွဲ့ဝင်များအား ဂုဏ်ပြုလက်မှတ်ချီးမြှင့်ခြင်း၊ အကောင်းဆုံးဆွေးနွေးတင်ပြသူများ၊ အကောင်းဆုံးပါဝင်ဆွေးနွေးသူများနှင့် အကောင်းဆုံးအုပ်စုအလိုက် ဆွေးနွေးတင်ပြသည့် အုပ်စုများကို ဆုများ ချီးမြှင့်သည်။

**သတင်းစဉ်**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အားကစားနည်းအလိုက်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကြသည်။



**ကြည့်ရှုအားပေး**

ယနေ့နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးလှိုင် တို့သည် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများနှင့်အတူ ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ ပြုလုပ်သည့် ပြေးခုန်ပစ် အားကစားပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။

ပြေးခုန်ပစ် အားကစားပြိုင်ပွဲတွင် အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား အလျားခုန်ပြိုင်ပွဲ၊ အမျိုးသမီး အလျားခုန်ပြိုင်ပွဲ၊ အမျိုးသားလုံတံပစ်ပြိုင်ပွဲနှင့် အမျိုးသမီးလုံတံပစ်ပြိုင်ပွဲများကို ကျင်းပရာ အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် မောင်လင်းခိုင်(ရန်ကင်း-EDC)က ပထမ၊ စောဘစိန် (ဘားအံ-EDC) က ဒုတိယ၊ မောင်အာကာလွင် (ထားဝယ်-EDC) က တတိယ ရရှိကြပြီး အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် မမိုးဝသန် ထက်(ရန်ကင်း- EDC) က ပထမ၊ မတိုးတိုးဝေ(မကွေး - EDC) က ဒုတိယ၊ မအေးမြတ်သန္တာဖြိုး (ဘိုကလေး-EDC) က တတိယ ရရှိကြသည်။

အမျိုးသား အလျားခုန်ပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင် (ပခုက္ကူ - EDC) က ပထမ၊ မောင်ရဲထက်အောင် (မြောင်းမြ-EDC)က ဒုတိယ၊ မောင်ထွန်းနိုင်ဖုန်းမို(ရန်ကင်း - EDC) က တတိယ ရရှိကြပြီး အမျိုးသမီး အလျားခုန်ပြိုင်ပွဲတွင် မဖူးငုံ (ထားဝယ် - EDC) က ပထမ၊ မသရဖီကျော်(မန္တလေး-EDC) က ဒုတိယ၊ မဇင်ဇင်နိုင် (မုံရွာ-EDC) က တတိယရရှိကြသည်။

အမျိုးသား လုံတံပစ်ပြိုင်ပွဲတွင် မောင်စိုးမိုးအောင်(သဃ်န်းကျွန်း-EDC)က ပထမ၊ မောင်ဝင်းဇော်(ဟားခါး-EDC)က ဒုတိယ၊ မောင်ကျော်စွာဦး (ဘားအံ-EDC) က တတိယရရှိကြပြီး အမျိုးသမီး လုံတံပစ်ပြိုင်ပွဲတွင် မသန်းသန်းဌေး (မုံရွာ - EDC) က ပထမ၊ မဇင်မြတ်မြတ်နိုး (မော်လမြိုင်-EDC)က ဒုတိယ၊ မိအေးမြတ်မွန် (ဘားအံ-EDC)က တတိယရရှိကြသည်။

**ဆုများချီးမြှင့်**

ပြိုင်ပွဲများအပြီးတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ဆရာအတတ်ပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးဖြူဇင်တို့က ဆုရရှိသည့် အားကစားမောင်မယ်များကို ဆုများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံတွင် ကျင်းပသည့် အမျိုးသမီးဘော်လီဘော ဗိုလ်လုပွဲနှင့် အမျိုးသားဘော်လီဘော ဗိုလ်လုပွဲ ပွဲစဉ်များကို ကြည့်ရှုအားပေးသည်။

အဆိုပါ အမျိုးသမီးဘော်လီဘောဗိုလ်လုပွဲစဉ်တွင် လားရှိုးပညာရေး ဒီဂရီကောလိပ်အသင်းက တောင်ကြီးပညာရေးဒီဂရီကောလိပ်အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရ ဗိုလ်စွဲကာ ပထမရရှိပြီး အမျိုးသား ဘော်လီဘောဗိုလ်လုပွဲစဉ်တွင် တောင်ကြီးပညာရေးဒီဂရီကောလိပ်က မိတ္ထီလာပညာရေး ဒီဂရီကောလိပ်အသင်းကို သုံးပွဲ - တစ်ပွဲဖြင့် အနိုင်ရ ဗိုလ်စွဲ၍ ပထမဆုရရှိသည်။ ပြိုင်ပွဲအပြီးတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်တို့က ဆုရရှိကြသည့် အသင်းများကို ဆုများချီးမြှင့်ပေးအပ်သည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ကျင်းပပြီး တောင်ကြီးဇုန်အသင်းနှင့် မန္တလေးဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောင်ကြီးဇုန်ဘောလုံးအသင်းက မန္တလေးဇုန်ဘောလုံးအသင်းကို ငါးဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ညနေပိုင်းတွင် မကွေးဇုန်ဘောလုံးအသင်းနှင့် မော်လမြိုင်ဇုန်ဘောလုံးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှင့်တစ်ဖက် အနိုင်ဂိုးသွင်းနိုင်ခြင်းမရှိဘဲ သရေပွဲ ဖြစ်သွားသည်။

ဖေဖော်ဝါရီ ၂၃ ရက်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲမှအုပ်စုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျော်ဖုံးမှ*

လီဗာပူးနှင့် ရီးရဲမက်ဒရစ်အသင်းတို့ပွဲစဉ်တွင် လီဗာပူးအသင်းသည် ပြိုင်ဘက်ကို ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သော်လည်း ချေပဂိုးနှင့် အနိုင်ဂိုးများ ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် နှစ်ဂိုး-ငါးဂိုးဖြင့် ဂိုးပြတ် ရှုံးနိမ့်ခဲ့ရသည်။

လီဗာပူးအတွက် ဂိုးများကို နူနက်ဇ်နှင့် ဆာလာတို့က သွင်းယူပေးနိုင်ခဲ့ပြီး ရီးရဲမက်ဒရစ်အတွက် သွင်းဂိုးများကို ဗင်နီစီးယပ်စ်၊ မီလီတာအိုနှင့် အဓိကတိုက်စစ်ကစားသမား ဘင်ဇီမာတို့က သွင်းယူပေးခဲ့သည်။

နှစ်သင်းကြား ခြေစွမ်းအရ ကွာခြားမှုနှင့် ဂိုးကန်သွင်းမှုပိုင်းအရ ကွာခြားမှု သိသိသာသာ မရှိသော်လည်း ရရှိလာသည့် အခွင့်အရေးကို ဂိုးအဖြစ်ပြောင်းလဲနိုင်သည့် အသင်းက အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ဖရန့်ဖတ်နှင့် နာပိုလီအသင်းတို့ပွဲစဉ်ကို ပွဲကြည့်ပရိသတ် ၄၇၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။

**အခွင့်အရေးကောင်းပိုင်ဆိုင်ခဲ့**

ယခုနှစ်ရာသီတွင် ခြေစွမ်းထက်မြက်နေသည့် နာပိုလီအသင်းက ယခုပွဲစဉ်တွင်လည်း သာလွန်ခြေစွမ်း ထပ်မံပြသနိုင်ခဲ့ကာ ဖရန့်ဖတ်အသင်းကို ပွဲချိန်အများစု ဖိအားပေးထိန်းချုပ်ကစားထားနိုင်ခဲ့ပြီး ပွဲအပြီးတွင် နှစ်ဂိုးပြတ်အနိုင် ရရှိခဲ့ကာ နောက်တစ်ဆင့်တက်လှမ်းနိုင်ရန်အတွက် အခွင့်အရေးကောင်း ပိုင်ဆိုင်ခဲ့သည်။

နာပိုလီအသင်းအတွက် သွင်းဂိုးများကို အဓိကတိုက်စစ်ကစားသမားများဖြစ်သည့် အိုစင်မန်နှင့် လိုဇာနိုတို့က သွင်းယူပေးခဲ့သည်။

**တစ်ယောက်လျော့ဖြင့် ကစားခဲ့**

ပွဲချိန် ၅၈ မိနစ်တွင် ဖရန့်ဖတ်အသင်းမှ တိုက်စစ်ကစားသမား မူအာနီ တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ် ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲများတွင် နာပိုလီအသင်းကို တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။

ထို့အပြင် နာပိုလီအသင်းမှ တိုက်စစ်ကစားသမား တစ်ဦးဖြစ်သူ ကေဗာရတ်ရှီလီယာသည် ပွဲချိန် ၃၆ မိနစ်တွင် ရရှိသော ပယ်နယ်တီကို အဆုံးသတ်ကန်သွင်းခဲ့သော်လည်း လွဲချော်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။

**အောင်ဇော်**

## တူကီယဲနိုင်ငံ၌ ငလျင်ကြောင့် ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးတန်ချိန် သန်း ၁၀၀ ကျော် ဖယ်ရှားရှင်းလင်းရမည်ဟုခန့်မှန်း

အန်ကာရာ ဖေဖော်ဝါရီ ၂၂

**ယခုလအစောပိုင်း၌ တူကီယဲနိုင်ငံတောင်ပိုင်းတွင် အင်အားပြင်းထန်သည့် ငလျင်ကြောင့် အပျက်အစီးတန်ချိန်ပေါင်း ၁၁၆ သန်းမှ သန်း ၂၁၀ အထိ ဖယ်ရှားရှင်းလင်းရန် လိုအပ်ကြောင်း ကုလသမဂ္ဂအေဂျင်စီက ခန့်မှန်းထားသည်။**

ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်သည် ဖေဖော်ဝါရီ ၂၁ ရက်က တူကီယဲနိုင်ငံ၌ သက်သာချောင်ချိရေးကိစ္စရပ်များနှင့် ပတ်သက်၍ အစည်းအဝေးပြုလုပ်ခဲ့သည်။ တူကီယဲအစိုးရ၏ ကွင်းဆင်းလေ့လာမှုများနှင့် ဂြိုဟ်တုပုံရိပ်များကို အခြေခံကာ အပျက်အစီးများကို ခန့်မှန်းထားခြင်းဖြစ်သည်။

အဆိုပါစာရင်းအရ ပျက်စီးသွားသည့် အဆောက်အအုံ သို့မဟုတ် ပြိုကျပျက်စီးခါနီးအဆောက်အအုံပေါင်း ၁၁၈၀၀၀ ရှိပြီး ၎င်းတို့ကို ဖျက်ဆီးပစ်ရန် လိုအပ်သည်ဟု သိရသည်။ လူပေါင်း ၁ ဒသမ ၅ သန်းကို အိုးမဲ့အိမ်မဲ့ဖြစ်စေပြီး နောက်ထပ်နေအိမ်သစ်ပေါင်း ၅၀၀၀၀၀ ဆောက်လုပ်ရန် လိုအပ်သည်ဟု ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်မှ တူကီယဲဆိုင်ရာ ကိုယ်စားလှယ် လူဝီဆာဗင်တန်က ပြောသည်။

အပျက်အစီးများကို လျင်မြန်စွာ ဖယ်ရှားပစ်ရမည်ဖြစ်ပြီး သို့မှသာ စီးပွားရေးအသိုက်အဝန်းသစ်များ ပြန်လည်တည်ဆောက်နိုင်မည်ဖြစ်သည်ဟု ၎င်းကပြောသည်။

ထိုစဉ် ငလျင်ဘေးဒဏ်ခံဒေသမှ ပြည်သူများမှာ ၎င်းတို့ဘဝ ပြန်လည်တည်ဆောက်ရေးအတွက် ခက်ခဲစွာ ရုန်းကန်နေရသည်။ အများပြည်သူအိမ်ရာပေါင်း ၂၇၀၀၀၀ ကို တည်ဆောက်ရန် စီစဉ်ထားကြောင်း တူကီယဲအစိုးရက ပြောသည်။

**အင်န်အိတ်ချ်ကေ**




တူကီယဲနိုင်ငံ၌ အလွန်ပြင်းထန်သော ငလျင်လှုပ်ခတ်ပြီးနောက် အပျက်အစီးများကို ဖယ်ရှားရှင်းလင်းစဉ်။



အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ ဂဟေဆက်လုပ်ငန်းကုမ္ပဏီတစ်ခုတွင် မီးလောင်ပေါက်ကွဲမှုတစ်ခုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

## အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ ဂဟေဆက်လုပ်ငန်းကုမ္ပဏီတစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွားရာ နှစ်ဦးသေဆုံး

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၂**

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ ဂဟေဆက်လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီတစ်ခုတွင် မီးလောင်ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၂၁ ရက်က ထုတ်ပြန်သော သတင်းများအရ သိရသည်။

အဆိုပါ ကုမ္ပဏီသည် မီယာမီ-ဒါဒီစီရင်စုရှိ မက်ဒလေးမြို့တွင် တည်ရှိသည်။ မီးလောင်ပေါက်ကွဲမှုကြောင့် လူနှစ်ဦး နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးခဲ့ပြီး တခြား သုံးဦးမှာ မီးလောင်မှုကြောင့် ဒဏ်ရာများရရှိခဲ့ကြောင်း အရာရှိများက ပြောသည်။

လောင်ကျွမ်းပေါက်ကွဲရသည့် အကြောင်းရင်းကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

အမေရိကန် ပြည်ထောင်စု အိုဟိုင်းယိုးပြည်နယ်ရှိ ကုန်ထုတ်လုပ်ရေးစက်ရုံ တစ်ရုံတွင် လူတစ်ဦး သေဆုံးခဲ့ပြီး လူဒါဇင်ကျော် ဒဏ်ရာရရှိခဲ့သည့် ပြင်းထန်သော ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီးနောက် ယခုလို နောက်ထပ် ပေါက်ကွဲမှုတစ်ခု ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု သတိပေးချက်ထုတ်ပြန်

**နယူးဒေလီ ဖေဖော်ဝါရီ ၂၂**

အစိုးရပိုင် ကြက်မွေးမြူရေးခြံများထဲမှ တစ်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဂျီဟာခန်းပြည်နယ် အာဏာပိုင်များက ဖေဖော်ဝါရီ ၂၂ ရက်တွင် သတိပေးထုတ်ပြန်ထားသည်။

ဂျီဟာခန်းပြည်နယ်၏ မြို့တော်ရန်ချီ၏ အရှေ့မြောက်ဘက် ၁၂၀ ကီလိုမီတာခန့်အကွာ ဘိုကာရိုခရိုင် လိုဟန်ချယ်ရှိ အစိုးရပိုင် ကြက်မွေးမြူရေးခြံတစ်ခု၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားကြောင်း အတည်ပြုထားခြင်းဖြစ်သည်။ တာဝန်ရှိသူများ၏ အဆိုအရ ထိုကြက်ခြံ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် လွန်ခဲ့သည့် သီတင်းပတ်အတွင်း ကြက်ကောင်ရေ ၇၀၀ မှ ၈၀၀ ခန့်အထိ သေဆုံးကြောင်း သိရသည်။

ဘိုကာရိုခရိုင်တွင် ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်ပြီး အတည်ပြုပြီးနောက် အခြေအနေကို စောင့်ကြည့်နိုင်ရန်အတွက် ခရိုင် ၂၄ ခုတွင် ထိန်းချုပ်ခန်းများထားရှိရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားကြောင်း ပြည်နယ်တိရစ္ဆာန်မွေးမြူရေးဦးစီးဌာနမှ အရာရှိတစ်ဦးက ပြောသည်။ တာဝန်ရှိသူများ၏ အဆိုအရ အဆိုပါဒေသအတွင်း နောက်ထပ်အမိန့်ကြေညာချက်များ မထုတ်ပြန်မီအထိ ကြက်ငှက်များ ရောင်းချခြင်းကို တားမြစ်ပိတ်ပင်သွားမည်ဖြစ်သည်။

ထို့အပြင် ရောဂါအခြေအနေ ကောင်းမွန်လာသည်အထိ ကြက်ငှက်များစားသုံးခြင်းမှ ရှောင်ကြဉ်ကြရန် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့က ပြည်သူများအား တိုက်တွန်းထားသည်။

**ဆင်ဟွာ**

## တောင်ကိုရီးယားနိုင်ငံ၌ ကလေးမွေးဖွားမှုနှုန်း ခုနစ်နှစ်ဆက်တိုက် ကျဆင်း

**ဆိုးလ် ဖေဖော်ဝါရီ ၂၂**

တောင်ကိုရီးယားနိုင်ငံ၌ ကလေးမွေးဖွားမှုနှုန်းမှာ ၂၀၂၂ ခုနှစ်တွင် စံချိန်တင်ကျဆင်းခဲ့ပြီး ကလေးမွေးဖွားမှုနှုန်း ကျဆင်းနေသည်မှာ ခုနစ်နှစ်ဆက်တိုက်ရှိပြီဖြစ်သည်။

အမျိုးသမီးတစ်ဦးတွင် ပျမ်းမျှကလေးမွေးဖွားနှုန်းမှာ ပြီးခဲ့သည့်နှစ်အတွင်း ၀ ဒသမ ၇၈ ရှိပြီး ယင်းအရင်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ၀ ဒသမ ၀၃ ကျဆင်းသွားခြင်းဖြစ်သည်ဟု တောင်ကိုရီးယားစာရင်းအင်းအေဂျင်စီက ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြောသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံများထဲတွင် တောင်ကိုရီးယားနိုင်ငံမှာ ကလေးမွေးဖွားမှုနှုန်း နိမ့်သည့် နိုင်ငံဖြစ်ကြောင်း အဆိုပါအေဂျင်စီက ပြောသည်။

တောင်ကိုရီးယား၌ ပြီးခဲ့သည့်နှစ်အတွင်း ကလေးပေါင်း၂၄၉၀၀၀ ခန့် မွေးဖွားခဲ့ပြီး ၁၉၇၀ ပြည့်နှစ်နောက်ပိုင်း ကလေးမွေးဖွားမှုနှုန်း အနိမ့်ဆုံးဖြစ်ကြောင်း သိရသည်။ စုံတွဲများမှာ အသက်ကြီးမှ လက်ထပ်ခြင်း သို့မဟုတ် လက်ထပ်ခြင်း မရှိခြင်းတို့ကြောင့် ကလေးမွေးဖွားမှုနှုန်း ကျဆင်းရခြင်းဖြစ်ကြောင်း အေဂျင်စီအရာရှိတစ်ဦးက ပြောသည်။

၂၀၂၄ ခုနှစ် မတိုင်မီအထိ ယင်းအခြေအနေအတိုင်း ဆက်လက်ဖြစ်နေဦးမည်ဟုလည်း ၎င်းက ဆက်ပြောသည်။ ကလေးမွေးဖွားမှုနှုန်း နိမ့်နေခြင်းကို ဖြေရှင်းရန် တောင်ကိုရီးယားအစိုးရက ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံအတွင်း သက်ကြီးရွယ်အိုပမာဏ များပြားလာမည်ဖြစ်ပြီး နိုင်ငံ၏ ရှင်သန်ရပ်တည်ရေးအတွက်လည်း ပြင်းထန်သည့် စိန်ခေါ်မှု ဖြစ်လာနိုင်ကြောင်း သုံးသပ်ထားကြသည်။

**အင်န်အိတ်ချ်ကေ**

## ငြိမ်းချမ်းမှုထိန်းသိမ်းရေးမစ်ရှင် ဆောင်ရွက်နေသူများအား တိုက်ခိုက်မှုအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပြင်းပြင်းထန်ထန်ရှုတ်ချ

**ကုလသမဂ္ဂ ဖေဖော်ဝါရီ ၂၂**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် ဖေဖော်ဝါရီ ၂၁ ရက်တွင် မာလီနိုင်ငံ၌ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေး မစ်ရှင်ဆောင်ရွက်နေသူများအား တိုက်ခိုက်ခံရမှုအပေါ် ပြင်းပြင်းထန်ထန် ရှုတ်ချလိုက်ကြောင်း သိရသည်။

အဆိုပါ တိုက်ခိုက်မှုအတွင်း ငြိမ်းချမ်းမှုထိန်းသိမ်းရေး ဆောင်ရွက်နေသူ ဆီနီဂေါနိုင်ငံသား သုံးဦး သေဆုံးခဲ့ပြီး အခြား ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

လုံခြုံရေးကောင်စီ အဖွဲ့ဝင်များ၏ သတင်းထုတ်ပြန်ချက်တွင် ထိုတိုက်ခိုက်မှုအတွင်း ဆီနီဂေါနိုင်ငံအပြင် သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများ၏ မိသားစုဝင်များအား အလွန်ဝမ်းနည်းမိကြောင်းနှင့် ထပ်တူကြေကွဲမိကြောင်း ဖော်ပြထားသည်။ ထို့အပြင် ထိခိုက်ဒဏ်ရာရရှိသူများအားလုံး အမြန်ဆုံး ပြန်လည်သက်သာပါစေကြောင်းလည်း ဆန္ဒပြုခဲ့သည်ဟု ဖော်ပြထားသည်။ လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးမစ်ရှင် ဆောင်ရွက်နေသူများအား တိုက်ခိုက်ခံရမှုကို လျင်လျင်မြန်မြန် စုံစမ်းစစ်ဆေးပေးရန် မာလီအသွင်ကူးပြောင်းရေး အစိုးရကို တောင်းဆိုထားသည်။

**ဆင်ဟွာ**

## တရုတ်နိုင်ငံ၌ ကျောက်မီးသွေးတွင်းပြိုကျမှုကြောင့် လူပေါင်း ၅၀ ကျော် ပိတ်မိ

**ဟိုဟော့ ဖေဖော်ဝါရီ ၂၂**

တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အယ်ဇာလိဂ်တွင် ကျောက်မီးသွေးတွင်းပြိုကျမှုဖြစ်ပွားပြီးနောက် လူပေါင်း ၅၀ ကျော် ပိတ်မိနေကြောင်း ဒေသအာဏာပိုင်များက ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြောသည်။ အဆိုပါ ကျောက်မီးသွေးတွင်း မတော်တဆမှုမှာ ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကနဦးစုံစမ်းစစ်ဆေးချက်များအရ သတ္တုတွင်းအောက်၌ လူပေါင်း ၅၀ ကျော် ပိတ်မိနေကြောင်း အယ်ဇာလိဂ်ရှိ အရေးပေါ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။ ညနေ ၅ နာရီ ၁၃ မိနစ်အထိ သတ္တုတွင်း၌ ပိတ်မိနေသူ သုံးဦးကို ကယ်ထုတ်နိုင်ခဲ့ပြီး ထိုအထဲမှ နှစ်ဦးမှာ အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေမရှိကြောင်း သိရသည်။ အဆိုပါ မတော်တဆမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်သားများသည် အခင်းဖြစ်ပွားရာသို့ ချက်ချင်းသွားရောက်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## ကြို့ပင်ကောက်မြို့နယ်၌ ဆီထွက်သီးနှံဆောင်းနေကြာများ တိုးချဲ့စိုက်ပျိုးလျက်ရှိ

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံဖြစ်သော နေကြာကို တစ်မြို့နယ်လုံး အတိုင်းအတာဖြင့် စိုက်ဧကပေါင်း ၃၇၀၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒေသတွင်း စားသုံးဆီဖူလုံရေးအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် ဆင်းနေကြာ -၂ နေကြာမျိုးစေ့အိတ် ၃၇၀၀ ကျော်ကို ဖြန့်ဝေပေးခဲ့ကြောင်း၊ ဓာတ်မြေသြဇာ တစ်အိတ်လျှင် ကျပ် ၃၄၄၀၀ နှုန်းဖြင့် တစ်ဧကလျှင် အိတ်ဝက်နှုန်း ရောင်းချပေးခဲ့ကြောင်းနှင့် ကြို့ပင်ကောက်မြို့တွင် နေကြာစိုက်ပျိုးနိုင်သော မြေအမျိုးအစားအားလုံးတွင် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ရာ စစ်ကုန်း (၂) ကျေးရွာအုပ်စုတွင် မျိုးစေ့ထုတ်ဧက ၁၁၂ ဧကနှင့် လက်ပံပင်စုကျေးရွာတွင် မျိုးစေ့ထုတ်ဧက ၁၁ ဧကတို့ကို အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ခဲ့သည်။ ကြို့ပင်ကောက်မြို့၌ ဆီထွက်သီးနှံဖြစ်သော နေကြာကို ဆောင်းသီးနှံပဲ စိုက်ခင်းများတွင် သီးထပ်သီးညှပ်အဖြစ် ၃၅၃၁ ဧကနှင့် သီးသန့်စိုက်ပျိုးမှုအဖြစ် ဧက ၁၇၀ စုစုပေါင်း ၃၇၀၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မြေပဲစိုက်ဧက ၁၇၁၅ ဧကနှင့် နှမ်း ၃၅၁ ဧက တို့ကိုလည်း စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ လာမည့်နှစ်တွင်လည်း ဆီထွက်သီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုး သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

DOCA(ပဲခူး)



## မောင်တောကုန်သွယ်ရေးစခန်းမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်အထိ) ကုန်သွယ်မှုအခြေအနေ

မောင်တောကုန်သွယ်ရေးစခန်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လျာထားချက်မှာ ပို့ကုန် ၁၁ ဒသမ ၀၀ ဒေါ်လာသန်း၊ သွင်းကုန် ၀ ဒသမ ၅၀ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၁၁ ဒသမ ၅၀၀ ဒေါ်လာသန်း ဖြစ်သည်။ ဖေဖော်ဝါရီ ၂၀ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၁၅ ဒသမ ၂၅၇ ဒေါ်လာသန်း၊ သွင်းကုန် ၀ ဒသမ ၀၄၂ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၁၅ ဒသမ ၂၉၉ ဒေါ်လာ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး တစ်နှစ်လုံး၏ လျာထားချက်အပေါ် ၁၃၃ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်သည်။

မောင်တော ကုန်သွယ်ရေးစခန်းမှ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် စက်မှု ကုန်ချောပစ္စည်းများကို အဓိကတင်ပို့လျက်ရှိသည်။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်အထိ တင်ပို့နိုင်ခဲ့သည့် ပစ္စည်းများမှာ လယ်ယာထွက် ကုန်ပစ္စည်းမှ ကွမ်းသီး၊ ကြက်သွန်နီ၊ သရက်သီး၊ ချင်း(အစို)၊ တညင်းသီး၊ အုန်းသီး၊ ထန်းလျက်၊ လဲမှို့၊ နနွင်းတက်၊ ကုလားပဲ၊ ငရုတ်သီးခြောက်၊ ဆီးသီးခြောက်၊ ခရမ်းချဉ်သီး၊ ကြက်သွန်ဖြူ၊ ရေထွက်ပစ္စည်းမှ ငါးမြစ်ချင်း၊ ငါးခေါင်းပွ၊ ငါးမုတ်၊ ငါးနီတူခြောက်၊ ငါးကုန်းညှိခြောက်၊ ငါးစုံလေးခြောက်၊ ပုစွန်ခြောက်၊ ငါးသလောက်၊ စက်မှုကုန်ချောပစ္စည်းမှ လူကြီးစီးဖိနပ်၊ ချည်လုံချည်၊ ကွေကာအုပ်၊ သနပ်ခါးခဲ၊ ဆီးယိုထုပ်၊ ကော်ဖီမစ်၊ မျက်နှာလိမ်းခရင်မ်၊ နေကြာစေ့၊ ခေါက်ဆွဲ၊ ဆန်ကြာဆံ၊ ထွန်းရွှေဝါတို့ တင်ပို့ခဲ့သည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက် ပြင်ပငွေလဲနှုန်းမှာ တစ် ဒေါ်လာလျှင် ၂၈၅၄ ကျပ်၊ ၁၁၆ ဒသမ ၅၀ တာကာ၊ ၁၀၀ ကျပ်လျှင် ၄ ဒသမ ၀၈ တာကာ၊ တစ်တာကာလျှင် ၂၄ ဒသမ ၅၀ ကျပ် ဖြစ်ပေါ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ယခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ လုပ်ငန်းဆောင်ရွက်မှု အနီးစပ်ဆုံးကာလထက် ပိုမိုဆောင်ရွက်နိုင်

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းအနေဖြင့် ယခုတစ်ပတ် ယခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် မှ ၁၇ ရက် လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန်ဆောင်ရွက်မှု ၇ ဒသမ ၅၁၄ ဒေါ်လာသန်းနှင့် သွင်းကုန်ဆောင်ရွက်မှု ၅ ဒသမ ၉၉၁ ဒေါ်လာသန်း ကုန်သွယ်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ကုန်သွယ်မှု ပမာဏအနေဖြင့် ၁၃ ဒသမ ၅၀၅ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီး ယာဉ်စီးရေအနေဖြင့် ပို့ကုန် ၁၅၄၄ စီး၊ သွင်းကုန် ၆၃၁ စီး ဆောင်ရွက်နိုင်ခဲ့သည်။ ယခင်တစ်ပတ် ပို့ကုန်ဆောင်ရွက်မှု ၆ ဒသမ ၂၇၀ ဒေါ်လာ သန်းနှင့် သွင်းကုန်ဆောင်ရွက်မှု ၂ ဒသမ ၅၈၈ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏအနေဖြင့် ၈ ဒသမ ၈၅၈ ဒေါ်လာသန်းဖြစ်သောကြောင့် ယခုတစ်ပတ် ကုန်သွယ်မှုပမာဏသည် ယခင်တစ်ပတ်ထက် ပိုမိုခဲ့ကြောင်း သိရှိရသည်။

အဓိက ပို့ကုန်ဖြစ်သည့် ပြောင်း၊ ပဲတီစိမ်း၊ မြေထောက်ပဲ၊ ပဲယဉ်း၊ မြေပဲဆန်၊ နှမ်းနက်၊ နှမ်းညို (ခွံချွတ်)၊ နံ့စားပြောင်း၊ ချင်း (စို)၊ ရော်ဘာ၊ ဝဥအစို၊ ဝါစေ့တင်ပို့မှု ပိုမိုခဲ့ခြင်းကြောင့် ယခင်အပတ်ထက် ၁ ဒသမ ၂၄၄ ဒေါ်လာသန်း ပိုမိုခဲ့ပြီး သွင်းကုန်ပိုင်းတွင် လူသုံးကုန်ပစ္စည်းအုပ်စု၊ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအုပ်စု၊ လုပ်ငန်းသုံးကုန်ကြမ်းအုပ်စုတို့ ပိုမိုခဲ့ခြင်းကြောင့် ယခင် အပတ်ထက် ၃ ဒသမ ၄၀၃ ဒေါ်လာသန်း ပိုမိုခဲ့ပြီး ကုန်သွယ်မှု ပမာဏအနေဖြင့် ၄ ဒသမ ၆၄၇ ဒေါ်လာသန်းပိုမိုခဲ့ကြောင်း သတင်းရရှိသည်။

## လွှယ်ဂျယ်နယ်စပ်ကုန်စည်စီးဆင်းမှု အခြေအနေ

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်တွင် ပို့ကုန်အနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်း ဆန်ကားစီးရေ သုံးစီး တန်ချိန် ၉၃ ဒသမ ၀၀ တန်၊ ဆန်ကွဲကားစီးရေ နှစ်စီး တန်ချိန် ၆၅ ဒသမ ၀၀ တန်၊ တစ်သျှူးငှက်ပျောကားစီးရေ ၄၂ စီး တန်ချိန် ၆၇၂ ဒသမ ၀၀ တန်၊ မြေထောက်ပဲကားစီးရေ နှစ်စီး တန်ချိန် ၅၂ ဒသမ ၅၀ တန်၊ ကြံ သုံးစီးနှင့် ၅၁ ဒသမ ၀၀ တန်တို့ တင်ပို့နိုင်ခဲ့သည်။ တစ်ဖက်နိုင်ငံမှ ဂျပ်ဖာကားစီးရေ နှစ်စီး တန်ချိန် ၁၁ ဒသမ ၀၀တန်၊ ချည်ခင်ကားစီးရေ တစ်စီးတန်ချိန် ၁၄ ဒသမ ၀၀ တန်၊ ဂျပ်စက္ကူကားစီးရေ သုံးစီး တန်ချိန် ၃၆ ဒသမ ၀၀ တန်၊ ကုန်စုံကားစီးရေ တစ်စီး တန်ချိန် ၂ ဒသမ ၅၀ တန်၊ ဓာတ်မြေသြဇာကားစီးရေ တစ်စီး တန်ချိန် ၂၀ ဒသမ ၀၀ တန် တင်သွင်းနိုင်ခဲ့သည်။ ကုန်သွယ်မှုလမ်းကြောင်းမှာ ပုံမှန်အတိုင်း ကောင်းမွန်လျက်ရှိသည်။

၁-၂-၂၀၂၃ ရက်နေ့တွင် တစ်ယွမ်လျှင် ၄၁၆ ကျပ်ဖြစ်ခဲ့ပြီး ၂၁-၂-၂၀၂၃ ရက်တွင် တစ်ယွမ်လျှင် ၄၁၇ ကျပ်အထိ မြန်မာကျပ်ငွေဈေးအနည်းငယ် လျော့နည်းခဲ့ကြောင်း သတင်းရရှိသည်။

### ၂၂.၂.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ (ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည်ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဇစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျီးသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၅၀၀ | | ၁၅၀၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၂၃၀၀ | ၇၀၀၀ | ၄၂၀၀ | ၃၅၀၀ | ၂၃၀၀ | ၁၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၈၃၀၀၀၀ |
| ၂ | လားရှိုး | ၂၁၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ | ၇၀၀ | ၇၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၈၆၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၇၀၀ | | ၁၆၀၀၀ | ၆၈၀၀ | ၁၉၀၀၀ | ၂၃၀၀ | ၈၀၀၀ | ၅၃၀၀ | | ၂၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၄၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၉၀၀၀ | ၂၈၅၀၀၀၀ |
| ၄ | တောင်ကြီး | ၂၄၀၀ | ၂၂၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၆၀၀ | ၉၀၀၀ | ၄၈၀၀ | ၅၀၀၀ | ၂၅၀၀ | ၃၂၀၀ | ၁၂၅၀၀ | ၁၅၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၈၅၀၀ | ၂၇၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၄၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၂၃၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၁၈၀၀ | ၅၀၀ | ၇၀၀၀ | ၄၇၀၀ | ၃၇၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ | ၂၈၆၀၀၀၀ |
| ၆ | ဘားအံ | ၂၁၀၀ | | ၁၂၀၀၀ | ၆၈၀၀ | ၁၅၀၀၀ | ၂၅၀၀ | ၆၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၇၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၈၅၄၀၀၀ |
| ၇ | မော်လမြိုင် | ၂၅၀၀ | | ၁၃၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၆၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၈၄၅၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၆၀၀၀ | ၈၆၀၀ | ၁၇၂၀၀ | ၁၇၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၂၀၀ | ၁၉၀၀ | ၆၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၂၀၀ | ၂၈၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | | ၂၈၄၀၀၀၀ |
| ၉ | မြိတ် | ၂၄၀၀ | | ၁၅၀၀၀ | ၆၈၀၀ | ၁၅၀၀၀ | ၁၈၀၀ | ၆၄၀၀ | ၅၀၀၀ | ၄၂၀၀ | ၂၆၀၀ | ၈၀၀ | ၆၇၀၀ | ၅၃၀၀ | ၅၀၀၀ | ၂၉၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | | ၂၈၄၀၀၀၀ |
| ၁၀ | ရန်ကုန် | ၂၂၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၂၄၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၅၃၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၂၅၀ | | ၁၃၅၀၀ | ၆၇၀၀ | ၁၃၀၀၀ | ၁၅၀၀ | ၅၀၀၀ | ၄၃၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၄၀၀ | ၂၅၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၇၈၀၀၀၀ |
| ၁၂ | စစ်တွေ | ၂၄၀၀ | ၂၀၀၀ | ၁၁၅၀၀ | ၇၅၀၀ | ၁၇၀၀၀ | ၂၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၆၀၀ | ၇၈၀၀ | ၄၆၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၈၆၅၀၀၀ |
| ၁၃ | ဟားခါး | ၃၃၀၀ | | ၁၆၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၂၀၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | | ၉၀၀၀ | ၂၉၀၀၀၀၀ |
| ၁၄ | မုံရွာ | ၃၀၀၀ | | ၁၂၀၀၀ | ၇၄၀၀ | ၁၉၀၀၀ | ၁၈၀၀ | ၆၀၀၀ | ၅၃၀၀ | ၅၃၀၀ | ၁၇၀၀ | ၇၀၀ | ၆၄၀၀ | ၆၄၀၀ | ၄၅၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၆၉၉၀၀၀ |
| ၁၅ | မန္တလေး | ၂၃၀၀ | ၁၆၀၀ | ၁၂၅၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၁၈၀၀ | ၃၂၀၀ | ၄၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၇၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၇၉၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၁၁၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၁၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၀၀ | ၅၅၀ | ၆၅၀၀ | ၅၆၀၀ | ၄၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၈၁၀၀၀၀ |
| ၁၇ | မကွေး | ၂၅၅၀ | | ၁၁၀၀၀ | ၆၉၀၀ | ၁၈၀၀၀ | ၁၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၈၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၈၆၀၀၀၀ |
| ၁၈ | ပြည် | ၂၀၀၀ | | ၁၂၅၀၀ | ၇၄၀၀ | ၂၅၀၀၀ | ၁၄၀၀ | ၇၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၈၆၅၀၀၀ |
| ၁၉ | ပဲခူး | ၂၄၀၀ | | ၁၃၅၀၀ | ၇၅၀၀ | ၁၆၀၀၀ | ၁၆၀၀ | ၅၅၀၀ | ၄၅၀၀ | | ၂၀၀၀ | ၆၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၈၉၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၄၀၀ | | ၁၄၀၀၀ | ၆၇၀၀ | ၁၄၀၀၀ | ၁၈၀၀ | ၄၈၀၀ | ၄၄၀၀ | ၄၀၀၀ | ၂၆၀၀ | ၅၀၀ | ၇၀၀၀ | ၄၆၀၀ | ၄၀၀၀ | ၂၄၀၀ | ၃၃၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၂၄၀၀၀ | ၉၀၀၀ | ၂၈၆၀၀၀၀ |
| ၂၁ | နေပြည်တော် | ၂၄၀၀ | | ၁၄၅၀၀ | ၆၇၀၀ | ၁၅၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၄၄၀၀ | ၄၂၀၀ | ၂၆၀၀ | ၅၀၀ | ၇၂၀၀ | ၄၆၀၀ | ၄၂၀၀ | ၂၆၀၀ | ၃၃၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၄၀၀၀ | ၉၀၀၀ | ၂၈၆၀၀၀၀ |
| ၂၂ | ကလေး | ၂၃၀၀ | ၂၁၀၀ | ၁၂၀၀၀ | ၇၆၀၀ | | ၁၈၀၀ | ၄၀၀၀ | ၅၀၀၀ | | ၁၅၀၀ | ၇၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၂၉၇၀၀၀၀ |

မှတ်ချက်။ (၁) စားအုန်းဆီ တစ်ပိဿာလျှင် မုံရွာတွင် ကျပ် ၁၀၀၊ ပြည်တွင် ကျပ် ၃၀၀၊ ပဲခူးနှင့် ကလေးတွင် ကျပ် ၂၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ကျပ် ၂၀၀၊ မြေပဲဆန် တစ်ပိဿာလျှင် ကျိုင်းတုံတွင် ကျပ် ၂၀၀၊ သကြား တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ကျပ် ၁၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးတွင် ကျပ် ၂၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ဘားအံတွင် ကျပ် ၁၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ကျပ် ၂၀၀၊ ချင်း တစ်ပိဿာလျှင် မြိတ်တွင် ကျပ် ၂၀၀ ဈေးကျခဲ့ပါသည်။

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# ကိုဗစ် –၁၉ ရောဂါ ခါတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀.၀၅ ရာခိုင်နှုန်းရှိ

**(၂၂-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၃၈၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၁၀,၀၂၇,၅၁၆)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၀၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၇၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၁-၂-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၃၉,၃၃၈) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၂၃,၇၁၁) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၁၈-၂-၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၃၉,၃၃၈ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၂၃,၇၁၁ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်–

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၂-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၁၅ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၅ | ၂၁၆၅ | ၂၁၈၅ | ၂၁၇၀ | ၂၁၅၀ | ၂၂၄၅ | ၂၂၆၅ | ၂၁၅၅ | ၂၁၆၅ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၅ | ၂၄၃၅ | ၂၈၁၀ |
| 95 Ron | ၂၁၉၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၀ | ၂၂၆၅ | ၂၂၅၀ | ၂၂၃၀ | ၂၃၂၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၁၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၉၀ | ၃၁၆၀ |
| HSD (50 ppm) | ၂၂၅၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၄၀၅ | ၂၄၀၀ | ၂၂၉၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၇၀ | ၃၁၉၀ |
| HSD (10 ppm) | ၂၂၅၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၄၀၅ | ၂၄၀၀ | ၂၂၉၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၇၀ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၀၈ | ၂၀၈၂ |
| 95 Ron | ၂၀၈၄ | ၂၁၅၉ |
| HSD (500 ppm) | ၂၀၆၈ | ၂၁၃၉ |
| HSD (50 ppm) | ၂၁၄၂ | ၂၂၁၄ |
| HSD (10 ppm) | ၂၁၄၂ | ၂၂၁၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# Bank Account အတွင်းမှ နည်းပညာပိုင်းဖြင့် ဆက်သွယ်ရေးကွန်ရက်အသုံးပြု၍ ငွေကြေးလိမ်လည်ခံရမှုမဖြစ်စေရေး ပြည်သူသို့ အသိပေးထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မသမာသူများသည် လူပုဂ္ဂိုလ်အချို့၏ Bank Account များအတွင်းမှ နည်းပညာပိုင်းဖြင့် ဆက်သွယ်ရေး ကွန်ရက်ကို အသုံးပြု၍ ငွေကြေးလိမ်လည်လွှဲပြောင်းထုတ်ယူမှုများ ကျူးလွန်လျက်ရှိသဖြင့် လူပုဂ္ဂိုလ်အချို့ အနေဖြင့် ငွေကြေးဆုံးရှုံးနစ်နာမှုများ ဖြစ်ပွားလျက်ရှိသည်။ ထိုသို့ ငွေကြေးလိမ်လည်လွှဲပြောင်းထုတ်ယူသူ ဒုစရိုက်သမားများကို သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားများနှင့် ပူးပေါင်းကျူးလွန်သူ မြန်မာနိုင်ငံသားတရားခံများအား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။


**လွှဲပြောင်းထုတ်ယူ**

ပြစ်မှု ကျူးလွန်သူများအနေဖြင့် နည်းပညာပိုင်းဖြင့် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ငွေကြေးလိမ်လည် လွှဲပြောင်းထုတ်ယူမှုများ ပြုလုပ်ရာတွင် **ဇယား(၁)**ပါ နည်းလမ်းများကို အသုံးပြု၍ လိမ်လည်ခံရမည့်သူကို ရှာဖွေပြီး လိမ်လည်ခံရမည့်သူနှင့် အဆက်အသွယ်ရရှိပါက **ဇယား(၂)**ပါ နည်းလမ်းများဖြင့် လိမ်လည်ခံရမည့်သူ၏ Bank Account နှင့် KBZ Pay Account တို့အတွင်းမှ ငွေများအား အဆင့်ဆင့် လွှဲပြောင်းထုတ်ယူကြခြင်း ဖြစ်သည်။


ဇယားများပါ လိမ်လည်မှုကျူးလွန်ပုံ နည်းစနစ်များအရ အချို့သော လူပုဂ္ဂိုလ်များအနေဖြင့် မိမိ၏ Email Account ၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် လုပ်ငန်းလိပ်စာများကို ဆက်သွယ်မှု လွယ်ကူစေရန် အတွက် လူမှုကွန်ရက် Social Media များနှင့် Facebook တို့တွင် ဖော်ပြထားခြင်း၊ လိပ်စာကတ်များတွင် ဖော်ပြထားခြင်းတို့ကြောင့် ပြစ်မှုကျူးလွန်သူများအနေဖြင့် Email Account များကို စောင့်ကြည့်ရယူပြီး ငွေများလိမ်လည်လွှဲပြောင်း ထုတ်ယူနိုင်သည့် အခွင့်အလမ်းများ ရရှိခြင်းဖြစ်ကြောင်းနှင့် လိမ်လည်မည့်သူများသည် KBZ Pay Account များအား မသိနားမလည်သူအချို့ထံမှ ငွေကြေးအနည်းငယ် အသုံးပြု၍ ဝယ်ယူကာ အဆိုပါ Account များဖြင့် ငွေများလွှဲပြောင်းထုတ်ယူရာတွင် ကြားခံအဖြစ် အသုံးပြုကြကြောင်း ဖော်ထုတ်သိရှိရသည်။

*စာမျက်နှာ ၁၇ သို့*

**ဇယား(၁)**




**ဇယား(၂)**



*စာမျက်နှာ ၁၆ မှ*

သို့ဖြစ်ပါ၍ အများပြည်သူများအနေဖြင့် မိမိတို့၏ Bank Account များအတွင်းမှ ငွေကြေးများအား မသမာသူ ဒုစရိုက်သမားများ၏ နည်းပညာပိုင်းဖြင့် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ လိမ်လည် လွှဲပြောင်းထုတ်ယူမှုမခံရစေရေး မိမိတို့၏ Email၊ ဖုန်းနံပါတ်နှင့် ကိုယ်ရေးအချက်အလက်များအား လုံခြုံမှုရှိစေရေး အထူးဂရုပြု ဆောင်ရွက်ကြရန်နှင့် မသမာသူများ၏ အသုံးချခံမဖြစ်စေရေး ကိုယ်ရေးကိုယ်တာ လိုအပ်ချက်မှတစ်ပါး Bank Account နှင့် KBZ Pay Account များ ဖွင့်လှစ်ရောင်းချခြင်း မပြုလုပ်ကြရန် အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ဘိုကလေးမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**ဘိုကလေး ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အမှတ် (၁၀) ရပ်ကွက် ၁၈ လမ်းမရှိ ရွှေလင်းအိမ်သောက်ရေသန့်စက်ရုံတွင် ဖေဖော်ဝါရီ ၂၁ ရက် ညသန်းခေါင်ယံ ၁၂ နာရီ၌ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှု သတင်းအရ ယနေ့နံနက် ၁၂ နာရီ ၁၅ မိနစ်၌ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းနှင့်အဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်လေးစီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၁၂ နာရီ မိနစ် ၂၀ ၌ မီးညွန့်ကျိုးခဲ့သည်။

မီးလောင်ကျွမ်းမှု ဖြစ်စဉ်မှာ ရွှေလင်းအိမ်သောက်ရေသန့်စက်ရုံဂိုဒေါင်၏ လျှပ်စစ်ပလတ်ခုံအပူလွန်ကဲရာမှ ဝိုင်ယာရှော့ဖြစ်၍ မီးလောင်ခြင်းဖြစ်ပြီး ရေသန့်စက်ရုံ ဂိုဒေါင်နှင့် ဂိုဒေါင်နံဘေးမှ ပိုင်ရှင်ဦးသိန်းမြင့်အောင်၏ အိမ်တို့ လောင်ကျွမ်းခဲ့ကြောင်းနှင့် မီးလောင်ကျွမ်းမှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မီးပေါ့ဆသူ ရွှေလင်းအိမ်ရေသန့်စက်ရုံပိုင်ရှင်အား သက်ဆိုင်ရာက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

**မိုးစက်(ဘိုကလေး)**

**ချိန်ခါမရွေး**
**သတိပေး**
**မီးဘေးကင်းဝေးမှာ**

KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက Drone ယာဉ်များအသုံးပြု၍ Drop Bomb များဖြင့် ပစ်ချဖောက်ခွဲခဲ့သည့် ရွှေဂွန်းကျေးရွာပြပုံ




## KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသည့်အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများပါဝင်သော ပူးပေါင်းအဖွဲ့က လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာအတွင်းသို့ Drop Bomb များ ပစ်ချဖောက်ခွဲ၊ အပြစ်မဲ့ ဒေသခံပြည်သူ ငါးဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသည့်အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများပါဝင်သော ပူးပေါင်းအဖွဲ့က ယနေ့ ညနေ ၅ နာရီခန့်တွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာအတွင်းသို့ Drone ယာဉ်တစ်စင်းဖြင့် Drop Bomb နှစ်လုံးကိုလည်းကောင်း၊ ညနေ ၅ နာရီ ၁၀ မိနစ်ခန့်တွင် Drone ယာဉ်တစ်စင်းဖြင့် Drop Bomb နှစ်လုံးကိုလည်းကောင်း ပစ်ချဖောက်ခွဲခဲ့ရာ ဗုံးသီးများမှာ ကျေးရွာအတွင်းရှိ နေအိမ်ခြံဝင်းများအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး အပြစ်မဲ့ ဒေသခံပြည်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးလေးဦးတို့ ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရလူနာများအား ဘားအံမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ကျေးရွာအတွင်းသို့ ဆင်ခြင်တုံတရားမဲ့စွာ Drop Bomb များ ပစ်ချဖောက်ခွဲခဲ့သည့် အကြမ်းဖက်သမားများအား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရေစကြိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ပခန်းငယ်)၌ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပခန်းငယ်ကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း (ပခန်းငယ်) ၌ စာမေးပွဲဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိစဉ် ယနေ့ နံနက် ၁၀ နာရီခွဲတွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာ၏မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါ အကြမ်းဖက်သမားများသည် ကျောင်းတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာ ဆရာမများနှင့် စာမေးပွဲဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူများ၏ အသက်အန္တရာယ်ထိခိုက်စေရန်နှင့် ပညာသင်ကြားမှုကို ခြိမ်းခြောက်ဟန့်တားရန် ရည်ရွယ်၍ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ရာ အဆိုပါအကြမ်းဖက်သမားများအား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

PDF အမည်ခံအကြမ်းဖက်သမားများ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ရေစကြိုမြို့နယ် ပခန်းငယ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း နေရာပြပုံ




## ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာတွင် မီးလောင်မှုဖြစ်ပွား နေအိမ် ၁၉ လုံး ပျက်စီးဆုံးရှုံး

**ဇေယျာသီရိ ဖေဖော်ဝါရီ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် မအူတောကျေးရွာအုပ်စု စိမ်းစားပင်ကျေးရွာတွင် ယနေ့ညနေ ၄ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ် ၁၉ လုံးပျက်စီးဆုံးရှုံးခဲ့သည်။

မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ စစ်ဆေးဆောင်ရွက်လျက်ရှိပြီး မီးလောင်မှုဖြစ်ပွားရာသို့ ဇေယျာသီရိမြို့နယ် မီးသတ်စခန်း၊ ပျဉ်းမနားမြို့နယ် မီးသတ်စခန်း၊ ပုဗ္ဗသီရိမြို့နယ် မီးသတ်စခန်းနှင့် ဇေယျာသီရိတပ်နယ်မှ ရေသယ်ယာဉ်များ စုစုပေါင်း ၂၅ စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီတွင် မီးထိန်းနိုင်ခဲ့ပြီး ညနေ ၅ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ် ၁၉ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးကူးစက်မှုမရှိစေရေးအတွက် နေအိမ် နှစ်လုံးကို ဖျက်ခဲ့ရကြောင်း၊ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့မှုများပေးနိုင်ရေးအတွက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး လာရောက်ကြည့်ရှုအားပေးပြီး မီးဘေးသင့်ပြည်သူများအား စိမ်းစားပင်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် ထားရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**



# နေကြာသီးနှံ အထွက်တိုးဖို့ ပျားအုံမွေး၍ ဝတ်မှုန်ကူးစို့

**ဝတ်မှုန်ကူးခြင်းသည် သတ္တလောကနှင့် သဘာဝဂေဟစနစ်အတွက် အရေးကြီးသောလုပ်ငန်းစဉ်တစ်ခုဖြစ်သောကြောင့် စားနပ်ရိက္ခာဖူလုံမှုအတွက် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင်လည်းကောင်း၊ ဂေဟစနစ်များထိန်းသိမ်းရာတွင်လည်းကောင်း၊ ဝတ်မှုန်ကူးခြင်း လုပ်ငန်းစဉ်တွင် ပါဝင်သော ဝတ်မှုန်ကူးအင်းဆက်များ၏ အခန်းကဏ္ဍကိုမြှင့်တင်ရန် လိုအပ်ပါသည်။**

**မောရဝတီ**



ပန်းပွင့်ဆောင် အပင်များကို ယေဘုယျအားဖြင့် ပင်တည်းဝတ်မှုန်ကူးသောအပင်နှင့် ပင်ခြားဝတ်မှုန်ကူးသော အပင်ဟူ၍ ခွဲခြားနိုင်သည်။ ပင်တည်းဝတ်မှုန်ကူးသော အပင်များ၏ ပန်းပွင့်တွင် ပါဝင်သော အဖိုဝတ်ဆံတိုင်၊ ဝတ်ဆံမထိပ်၊ အဖိုဝတ်မှုန် ရင့်မှည့် ပေါက်ကွဲချိန်နှင့် ဝတ်ဆံမထိပ်၏ လက်ခံနိုင်မှု စသည့်အချက်များအပေါ် မူတည်၍ ကိုယ်တိုင်ဝတ်မှုန်ကူး သန္ဓေအောင်နိုင်သည်။ သို့ရာတွင် ပင်ခြား ဝတ်မှုန်ကူးသောအပင်များသည် ကိုယ်တိုင်ဝတ်မှုန်ကူး သန္ဓေအောင်နိုင်ခြင်းမရှိဘဲ လေနှင့် အင်းဆက်ပိုးမွှားများ အကူအညီဖြင့်သာ ဝတ်မှုန်ကူး သန္ဓေအောင်နိုင်သည်။

**ဝင်ငွေနှစ်မျိုးရရှိ**

ယခုအခါ ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးအတွက် နေကြာစိုက်ဧက ၁ ဒသမ ၅ သန်း တိုးချဲ့စိုက်ပျိုးသည့် စီမံကိန်းကိုတိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နေကြာသီးနှံသည် ပင်ခြားဝတ်မှုန်ကူးသည့် သီးနှံအမျိုးအစားဖြစ်ရာ ၎င်း၏ဝတ်မှုန်ကူး သန္ဓေအောင်ရန်အတွက် လူဖြင့်သော်လည်းကောင်း၊ အင်းဆက်ဖြင့် သော်လည်းကောင်း အကူအညီရရှိမှသာ ဝတ်မှုန်ကူးခြင်းကို ထိရောက်အောင်မြင်နိုင်မည် ဖြစ်သည်။ လူဖြင့် ဝတ်မှုန်ကူးခြင်းကို စပ်မျိုးနေကြာထုတ်လုပ်ခြင်းတွင်သာ ဆောင်ရွက်သည်။ နေကြာ အပါအဝင် သီးနှံအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်ရာတွင် ဝတ်မှုန်ကူးအင်းဆက်ဖြစ်သော ပျားအုံများချထား၍ ဝတ်မှုန်ကူးပေးခြင်းဖြင့် ပျားမွေးသူများအတွက်ပါ အကျိုးရလဒ်ရရှိနိုင်သည်။ ထို့အတူ စိုက်ပျိုးသူကိုယ်တိုင် ပျားမွေးမြူရေးကို တွဲဖက်လုပ်ကိုင်လျှင် ဝင်ငွေနှစ်မျိုးရရှိနိုင်မည်ဖြစ်သည်။

**ဂေဟစနစ်ကိုထိန်းသိမ်းပေး**

ပျားများသည် ၎င်းတို့၏ သဘာဝအရ ဝတ်ရည်ဝတ်မှုန်စုဆောင်းနိုင်ရန် ပန်းပွင့်များဆီသို့ တစ်ရက်လျှင် အခေါက်ရေ ၂၀ ကျော် သွားလာစုဆောင်းကြသည်။ တစ်ဖန် ပျားများ၏ ခန္ဓာကိုယ်ကို အမွေးအမျှင်များဖြင့် ဖုံးအုပ်ဖွဲ့စည်းထားသဖြင့် တစ်ပင်မှတစ်ပင်၊ ပန်းတစ်ပွင့်မှ တစ်ပွင့် ခေါက်တွန့်လူးလာကူးကာ သယ်ဖို့သွားလာရင်း၊ ပျံသန်းရင်းဖြင့် ၎င်းတို့၏ ခန္ဓာကိုယ်တွင် ကပ်ပါလာသော ဝတ်ဆံဖိုများသည် ဝတ်မှုန်ခံအပေါ် ကျရောက်ဝတ်မှုန်ကူးစေခြင်းဖြစ်သည်။ ထို့ပြင် ပျားတို့၏ သဘာဝမှာ ပန်းမျိုးစုံကို သွားတတ်ကြသော်လည်း အရေအတွက်အများဆုံးပန်းသို့ အခေါက်ရေအများဆုံး သွားတတ်ကြသည်။ တစ်ဖန် ပျားများသည် အရောင်အမှတ်အသားကို သိရှိကြပြီး ယင်းတို့အတွက် ဝတ်ရည်ဝတ်မှုန်ရရှိသည့် နေရာ၊ ပန်းခင်းနှင့် ပန်းပွင့်တို့ကို မှတ်သားထားတတ်ကြသည်။ ဤကဲ့သို့ အမျိုးအစားတူသည့်ပန်းပွင့်များကို အဓိကထား ဝတ်ရည်စုဆောင်းသည့် အလေ့အထကြောင့် အပင်မျိုးပွားခြင်းကို အထောက်အကူပြုခြင်းဖြင့် ဂေဟစနစ်ကို ထိန်းသိမ်းပေးသည်။

**နေကြာသီးနှံသည် ပင်ခြားဝတ်မှုန်ကူးသည့် သီးနှံအမျိုးအစားဖြစ်ရာ ၎င်း၏ဝတ်မှုန်ကူး သန္ဓေအောင်ရန်အတွက် လူဖြင့် သော်လည်းကောင်း၊ အင်းဆက်ဖြင့် သော်လည်းကောင်း အကူအညီရရှိမှသာ ဝတ်မှုန်ကူးခြင်းကို ထိရောက်အောင်မြင်နိုင်မည် ဖြစ်သည်။ လူဖြင့် ဝတ်မှုန်ကူးခြင်းကို စပ်မျိုးနေကြာထုတ်လုပ်ခြင်းတွင်သာ ဆောင်ရွက်သည်။ နေကြာအပါအဝင် သီးနှံအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်ရာတွင် ဝတ်မှုန်ကူးအင်းဆက်ဖြစ်သော ပျားအုံများချထား၍ ဝတ်မှုန်ကူးပေးခြင်းဖြင့် ပျားမွေးသူများအတွက်ပါ အကျိုးရလဒ်ရရှိနိုင်သည်။ ထို့အတူ စိုက်ပျိုးသူကိုယ်တိုင် ပျားမွေးမြူရေးကို တွဲဖက်လုပ်ကိုင်လျှင် ဝင်ငွေနှစ်မျိုး ရရှိနိုင်မည်ဖြစ်**

**ဝတ်မှုန်ကူးပျားအုံများထားရှိ**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းကို အထောက်အကူဖြစ်စေမည့် ဝတ်မှုန်ကူးပျားအုံများ ထားရှိခြင်းကို ၁၉၈၆ ခုနှစ်ခန့်ကတည်းက ဆောင်ရွက်ခဲ့ရာ ပျားအုံများထားရှိခြင်းကြောင့် သီးနှံအထွက်တိုးသည့်အကျိုးတရားကို တောင်သူများ သဘောပေါက်လက်ခံခြင်း မရှိသေးချိန်က တောင်သူများအား အတော်ပင်စည်းရုံးပြောဆိုခဲ့ရသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားမွေးမြူရေးဌာနခွဲသည် ပျားမွေးမြူရေးကို အားပေးလျက်ရှိရာ လွန်ခဲ့သော ၃၅ နှစ်ခန့်က နေကြာသီးနှံစိုက်ဧက အများအပြားစိုက်ပျိုးခဲ့သော ဒေသများဖြစ်သည့် မြန်မာပြည်အလယ်ပိုင်း ဝမ်းတွင်းမြို့နယ် ရွာရှည်ကျေးရွာရှိ ဆောင်းနေကြာ စိုက်ခင်းများမှ ပျဉ်းမနားမြို့နယ် ရွာသစ်ကြီးကျေးရွာရှိ နွေနေကြာစိုက်ခင်းများ (လယ်ရိတ်ပြီးမှ စိုက်ပျိုးသည်) ရှိရာသို့ ရွှေ့ပြောင်းလာခဲ့ကြပြီး တောင်သူလယ်သမားများအား စည်းရုံးပညာပေး ညှိနှိုင်းကာ ပျားအုံများ ချထားဆောင်ရွက်ခဲ့သည်။ ဤသို့ဖြင့် ပျားရည်ထုတ်လုပ် အောင်မြင်မှုနှင့် အတူ နေကြာပွင့် အလယ်ရှိ အစေ့အဆန်များပါအဆန်တည်၍ နေကြာတစ်ပွင့်လုံး အဆန်အောင်ပြီး အထွက်ကောင်းရရှိခဲ့သည်။ လှေခွင်းတောင် ဘုရားပွဲကျင်းပသည့် ကာလ ပျဉ်းမနားမြို့ ကိုးခန်းကြီးဘုရား တပေါင်းပွဲအပြီးတွင် နေကြာရင့်မှည့် ရိတ်သိမ်းပြီးသည့်အချိန်၌ ပျားအုံများကို ရွှေ့ပြောင်းခဲ့ကြရသည့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သမ္ဘောကျေးရွာရှိ နွေနှမ်း(သို့) ရေသွင်း နှမ်းခင်းများသည် အရေးကြီးသည့်ပျားစားကျက်များဖြစ်သည်။

**တောင်သူများ**

**ဝမ်းသာပီတိဖြစ်**

ဌာန၏ ပျားစခန်းသည် ရွာသစ်ကြီးရွာမှ ပျားအုံများနှင့် လုပ်ငန်းသုံးပစ္စည်းများကို ရွှေ့ပြောင်းခြင်းကို ညအချိန်တွင် ဆောင်ရွက်ရပါသည်။ ဝမ်းတွင်းမြို့နယ် ရွာရှည်ရွာရှိ ယခင်က ပျားစခန်းတည်းခိုခဲ့သည့် နေရာဟောင်းဖြစ်သော ရွာရှည်ဘုန်းတော်ကြီးကျောင်း အနီးရှိ နေကြာစိုက်တောင်သူ ဦးကျော်ရင်နှင့် ရွာခံတောင်သူများက ကျွန်တော်တို့ ပျားအဖွဲ့အား ၎င်းတို့၏အိမ်များသို့ (အရပ်ခေါ် လက်ဖက်ရည်သောက်) ဖိတ်ကာအပြန်တွင် နေကြာဆီစစ်စစ် တစ်အိမ်လျှင် တစ်ယောက်တစ်ပုလင်းစီ လက်ဆောင်ပေးရင်း “ဆရာတို့ နောက်နှစ်ကျ စောစောလာကြဗျာ” ဖိတ်ခေါ်ခဲ့ကြသည်ကို ကြည့်ခြင်းအားဖြင့် ပျား မွေးမြူခြင်း၏ အကျိုးကျေးဇူးကြောင့် သီးနှံအထွက်တိုးခြင်းကို တောင်သူများ နားလည်လက်ခံခြင်းအတွက် ဝမ်းသာပီတိဖြစ်ရသည်။

ကမ္ဘာ့နိုင်ငံအသီးသီးသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သဘာဝအရင်းအမြစ်များကို အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ မြို့ပြနှင့် စက်မှုလုပ်ငန်းများကို တိုးချဲ့လာကြခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေပြီး သဘာဝဂေဟစနစ်များ ပျက်ယွင်းလာကြသည်။ ထို့အတူ သဘာဝအင်းဆက်များ၊ သဘာဝတောများသည်လည်း မြို့ရွာများ၊ စက်ရုံ၊ အလုပ်ရုံများ တိုးချဲ့တည်ဆောက်လာခြင်း၊ စိုက်ပျိုးသီးနှံများတွင် ပိုးသတ်ဆေး အလွန်အကျွံ သုံးစွဲလာခြင်းတို့ကြောင့် နည်းပါးပျောက်ကွယ်လာခဲ့ရာ စနစ်တကျခေတ်မီနည်းဖြင့် မွေးမြူသော ပျားများသည် စိုက်ပျိုးသူတောင်သူလယ်သမားများ၏ လက်တွဲဖော် သီးနှံအပင်များအတွက် မရှိမဖြစ် မိတ်ဆွေစစ် ဖြစ်လာပါတော့သည်။ ။

## “ပြည်ချစ်သားမွန် တေးသဝဏ်” တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ်ဆန်းသစ်မှုအဖြစ် ၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ရောက်ရှိမည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “ပြည်ချစ်သားမွန် တေးသဝဏ်” တေးဂီတဖျော်ဖြေပွဲ အစီအစဉ်ကို ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂၄ ရက်အထိ ပွဲစဉ် ငါးခုဖြင့် အပတ်စဉ် (သောကြာနေ့) ည ၈ နာရီ သတင်းများအပြီးတွင် MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်တွင် “မြန်မာ့အသံတေးဂီတ” အဖွဲ့၏ တီးခတ်မှုနှင့်အတူ မူရင်းတေးသံရှင်များ၊ နာမည်ကျော်တေးသံရှင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းအဆိုရှင်များနှင့် တူယှဉ်နွဲပျော် ဂီတပွဲတော်များမှ တေးသံရှင်များ ပါဝင်သီဆိုကြမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၄ ရက်တွင် တင်ဆက်မည့် ပွဲစဉ်(၁)၌ ရသ၊ ချမ်းဟိန်းဝင်းထွန်း၊ လျှမ်းထက်ကို၊ ပြည့်ဖြိုးအောင်၊ သက်မှုးခင်၊ ရွှေဖြူ၊ နေခြည်၊ ရဲရင့်ဝေလွင်၊ မြန္တာနှင့် မြင့်မြတ်ကျော်တို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်ပြီး ထိုသို့တင်ဆက်မှုကို ဖေဖော်ဝါရီ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက် ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် သင်္ဂါးကျေးရွာနေ အောင်သော်ထွန်း (ခ) စိုးသူသည် ၎င်းအသုံးပြုသည့် “The Yein Ye Yint” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် တယ်ပင်ကျေးရွာနေ ညွှန့်ပြေသည် ၎င်းအသုံးပြုသည့် “Nyunt Pyay” Facebook အကောင့်၊ မိတ္ထီလာမြို့နယ် ပြည်သာယာ(တ) ရပ်ကွက်နေ မအိမြတ်ဖူးသွယ် (ခ) ဂျန်းဂျန်းသည် ၎င်းအသုံးပြုသည့် “Ei Myat Phoo Thaw” Face-book အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများ အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂ - ၂ - ၂၀၂၃

### ရွှေ

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၁၆၃၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၁၆၆၅၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၃၆ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၃၉ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၅၀ ကျပ် | ၂၁၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၃၀ ကျပ် | ၂၂၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၄၅ကျပ် | ၂၁၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၂၅ ကျပ် | ၂၂၇၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၃၃ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၆၇ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၆၉၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၇ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၂ . ၈၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၄ . ၅၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၃၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၅၀၀ | ၃ | ၂၅၅၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၇၇၁၅ | ၂၃၉၁၆၅၀၀ |
| MCB | ၇၅၀၀ | ၇၆၀၀ | ၆၉ | ၅၁၇၆၀၀ |
| FPB | ၁၇၅၀ | ၁၇၀၀ | ၁၁၃၈ | ၁၉၃၅၉၀၀ |
| TMH | ၂၅၀၀ | ၂၅၅၀ | ၂၆ | ၆၅၉၅၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၁၅ | ၃၉၀၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၇၂ | ၃၅၂၉၀၀ |


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၂-၂၀၂၃ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတိုးတက်ဖွံ့ဖြိုးစေရေး တစ်နိုင်တစ်ပိုင် ထုတ်လုပ်မှုဖြင့် ပိုင်းဝန်းကူညီဆောင်ရွက်ပေး
- ၀၉:၁၀ NRC အစီအစဉ် (ရှမ်း) 'ရိုးရာအမွေ'
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၃၀ Beasts of Asia (Thailand)
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ဝန်းရံနဲ့ လွင့်ပျံ့အမုန်း'** (အပိုင်း-၆၉)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ယုံကြည်ရာလမ်း'** (အပိုင်း-၇)
- ၁၆:၃၅ အိုဘယ့်......စတော်ဘယ်ရီ
- ၁၇:၁၅ Soccer View
- ၁၇:၃၀ လူမှုစီးပွားသတင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ဒါးဒါးအချစ်ချိုချို'** (အပိုင်း-၄၇)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ယုံကြည်ရာလမ်း'** (အပိုင်း-၉)

### mitv

- 07:02 Evergreen Classic: Aung Chin Shit Par (Tekkatho Lei Lei, Sein Lei Lei, Thae Nu Wah, Nyo Win Pe)
- 07:12 Kyaikkasan Pagoda
- 07:29 Tour around Kyaukse
- 07:46 A Tourist Destination Of Shan State
- 08:01 News
- 08:28 Introductory Programme of Literary Award Winners (U Ye Dway)
- 08:50 Bamboo Fashion in Style
- 09:01 Sons of the Lake
- 09:23 A Precious Gift from Waste
- 09:33 Elegant and Exquisite Myanmar Cotton Fabrics
- 09:45 Rakhine Traditional Wedding Ceremony
- 10:01 News
- 10:27 Myanmar Cultural Identities (Kinnari & Kinnara)

### MRTV NRC

**ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ရာဇဂြိုဟ်မြို့သို့ အလည်တစ်ခေါက်

**ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
ထန်းပင်ပေါ်က တို့ဖေဖေ

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
သာယာရှုမောဖွယ် ရမ္ဘာမြေ(အပိုင်း-၁)

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
မိုရဲ့ကောင်းကျိုးဆိုးကျိုး

**ဝ (၁၄:၀၀ မှ ၁၆:၀၀)**
လှိုင်မွေမြို့သို့ အလည်တစ်ခေါက်

**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
အဆာပြေမုန့်လုပ်စားကြမယ်

**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ချစ်သစ္စာ အလှတည်ရာမြေ

**ပကောကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ဆီးချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ချင်းရိုးရာအစားအစာသီးဆော့

**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဖားစည်မြေမှ ရောင်စုံအလှ(အပိုင်း-၁)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ASEAN Information Exchange Initiative 2022 (Part-16)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **'ယုန်ကမတိုးပိုက်ကတိုး'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၇)
- ၁၁:၀၀ အင်ဒိုနီးရှားနိုင်ငံ၏ အဂတိတိုက်ဖျက်ရေး အကြောင်း
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၇)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၅ ကျွန်ုပ်တို့ချစ်သောမြေအားသွင်းအားစုစရိတ် အနည်းဆုံးဖြင့် စွမ်းအင်မြှင့်တင်ပေးနိုင်ဖို့ ပဲမြစ်ဖုဇီဝမြေဩဇာသုံးကြစို့
- ၀၇:၁၀ တို့မျိုးချစ်ခင်အသုံးဝင်မြန်မာ့ထန်းတော ထန်းပင်
- ၀၈:၄၅ ပေါ်ဆန်းဆိုရှော့ကို
- ၀၉:၂၀ လယ်ယာကဏ္ဍဖွံ့ဖြိုးဖို့သုတေသနများ ဆောင်ရွက်ကြပါစို့

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေရေိယာ(၀ဒသမ၁၁၀)ဧကရှိ ဦးဇော်ဝင်း ၁၂/မရက(နိုင်) ၀၂၇၃၅၈(ဘ) ဦးညိုကြီး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၁၃၅၈)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၄၇/၂၀၁၆(၇-၃-၂၀၁၆)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်စမ်းစမ်းမြင့် ၉/ပမန(နိုင်) ၀၃၄၉၃၈(ဘ) ဦးလှအေး မှ ဦးကိုကိုဦး ၉/ပမန(နိုင်) ၀၃၄၉၆၇၊ ဒေါ်စမ်းစမ်းမြင့် ၉/ပမန(နိုင်) ၀၃၄၉၃၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/7406, Nissan Diesel CW53AH/Dump Truck (6x4)(R) ယာဉ်လက်ဝယ်ရှိသူ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါ သည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၅)ရပ်ကွက်၊ အကွက်အမှတ် (၆၉)၊ မရမ်းချိုကုန်းအကွက်၊ ဦးပိုင်အမှတ် (၂၇-က)၊ ဧရိယာ ဝ၀ဒသမ၃၀၆ဧကရှိ Ayeyar Treasure Education Centre အမည်ပေါက် မြို့မြေ (B)ကို ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့ နယ်၊ သံလွင်လမ်းသွယ်၊ ဦးအောင်ကိန်းလမ်း၊ အိမ်အမှတ် (၉၉/E-2)နေ ဦးထွန်းမြိုင်၊ ဒေါ်သန့်သီရိသက်တို့မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပုသိမ်မြို့**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ရော (၆)လမ်း၊ အမှတ် (၉၁၄)နေ ကွယ်လွန်သူ ဦးအောင်မြိုင်၏ဇနီးဖြစ်သူ ဒေါ်စန်းစန်းမြင့်နှင့် ကွယ်လွန်သူဦးခိုင်ရွှေ၏ဇနီးဖြစ်သူ ဒေါ်ခင်အေးဆွေတို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေငြာအပ်ပါသည်။

မိဘများဖြစ်သော ကွယ်လွန်သူ (အဘ)ဦးသောင်းနှင့် (အမိ) ဒေါ်စန်းမြင့်တို့တွင် ဦးအောင်မြိုင်၊ ဦးအောင်ငွေ၊ ဦးမင်းသိန်း၊ ဒေါ်ရီရီချို၊ ဒေါ်ခင်ဘုန်းမြင့်၊ ဦးခိုင်ရွှေ ဟူသော သားသမီး (၆)ဦးမွေးဖွားခဲ့ပြီး မိဘများကွယ်လွန်ချိန်တွင် အမွေပုံပစ္စည်းအဖြစ် မြောက်ဥက္ကလာပ မြို့နယ်၊ အိမ်အမှတ် (၉၁၃)၊ (ဈ)ရပ်ကွက်၊ ရော(၆)လမ်းရှိ ပေ (၄၀ပေ ×၆၀ပေ) မြေအပါအဝင် ၂ထပ်အိမ် (၁)လုံးကျန်ရှိခဲ့ပါသည်။ ထို့နောက် ယင်းအမွေပုံပစ္စည်းအပေါ် မောင်နှမသားချင်းများအားလုံး အညီအမျှ ခွဲဝေရယူကြရန် သဘောတူညီခဲ့ကြပါသည်။

သို့ပါသောကြောင့် အဆိုပါ အမွေဆိုင်ပစ္စည်းနှင့်ပတ်သက်၍ ဒေါ်စန်းစန်းမြင့် နှင့် ဒေါ်ခင်အေးဆွေတို့၏ သဘောတူခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းတို့ကို မည်သူမျှ ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် အသိပေးကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဒေါ်စွန်မေဒေး** LL.B တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၆၁၀)

**ဒေါ်ဖြူဖြူ** LL.B,DBL, DML, DIR, DIL Diploma in English, C.A.E.S, C.B.D.S, WIPO (Switzerland), Master of Business Law (M.B.L) တရားလွှတ်တော်ရှေ့နေ နှင့် ဥပဒေဆိုင်ရာအကြံပေး (စဉ်-၁၃၅၃၀)

**ဒေါ်ခင်မာလွင်** LL.B အထက်တန်းရှေ့နေ(စဉ် -၅၀၅၀၄)

**ဦးစောခိုင်းမွန်** LL.B အထက်တန်းရှေ့နေ(စဉ် -၅၅၃၅၃)

ရုံးခန်းအမှတ် (၈)၊ ရေတာရှည်လမ်းဟောင်း၊ ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၅၁၃၉၃၅၁


## နွေရာသီ အခြေခံဘောလုံးသင်တန်း အခမဲ့ ဖွင့်လှစ်သင်ကြားပေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် လူငယ်များ ကာယဉာဏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ထွက်ပေါ်ရေးအတွက် မိတ်ဖက်စပွန်ဆာများ၏ ကူညီမှုဖြင့် ၂၀၂၃ နွေရာသီ အခြေခံလူငယ်ဘောလုံးသင်တန်း အမှတ်စဉ် (၁) နှင့် (၂) ကို အခမဲ့ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်သည်။

ယင်းနွေရာသီ အခြေခံဘောလုံးသင်တန်းများကို ရန်ကုန်နှင့် မန္တလေးရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဘောလုံးအကယ်ဒမီများတွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး နွေရာသီလူငယ် ဘောလုံးသင်တန်း အမှတ်စဉ် (၁)ကို မတ် ၁ ရက်မှ ဧပြီ ၁၀ ရက်အထိ လည်းကောင်း၊ အမှတ်စဉ် (၂) ကို ဧပြီ ၁၉ ရက်မှ မေ ၂၉ ရက်အထိလည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်သည်။ နွေရာသီလူငယ်ဘောလုံးသင်တန်းများအား ရန်ကုန်တွင် သင်တန်းသား ၂၀၀၊ မန္တလေးတွင် သင်တန်းသား ၂၀၀ ဖြင့် သင်ကြားပေးမည်ဖြစ်သည်။ အဆိုပါသင်တန်းတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရှိ အာရှဘောလုံးအဖွဲ့ချုပ် နည်းပြလိုင်စင်ရ သင်တန်းဆရာများက ကြီးကြပ်သင်ကြားပေးမည်ဖြစ်သည်။ အခြေခံဘောလုံးသင်တန်းသို့ အသက် ၉ နှစ်မှ ၁၅ နှစ်အတွင်း (ကျား/မ) မည်သူမဆို တက်ရောက်သင်ယူနိုင်မည်ဖြစ်ပြီး အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် နံနက် ၇ နာရီခွဲမှ ၉ နာရီခွဲအထိ အခြေခံဘောလုံးပညာများ သင်ကြားရမည်ဖြစ်သည်။

သင်တန်းသားတစ်ဦးလျှင် ဝတ်စုံတစ်စုံစီနှင့် MFF အသိအမှတ်ပြု သင်တန်းဆင်းလက်မှတ်များ ပေးအပ်မည်ဖြစ်ပြီး အမှတ်စဉ် (၁) သင်တန်းတက်ရောက်လိုသူများ အနေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဝက်ဘ်ဆိုက်တွင် တင်ရှိထားသည့် သင်တန်းတက်ခွင့် လျှောက်လွှာများကို ကူးယူဖြည့်စွက်၍ သင်တန်းဖွင့်လှစ်မည့် အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်)နှင့် မြန်မာ့ဘောလုံးအကယ်ဒမီ (မန္တလေး)သို့ ဖေဖော် ဝါရီ ၂၈ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက် ဆက်သွယ် လျှောက်ထား နိုင်သည်။ အသေးစိတ် သိရှိလိုပါက (ရန်ကုန် ၀၉-၄၀၃၇၂၅၄၂၅၊ မန္တလေး ၀၉-၄၂၆၅၅၀၀၆၆) သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။



**ကိုညီလေး**


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/52981, MOLISA 125 ယာဉ်လက်ဝယ်ရှိသူ ဦးလွင်မိုးဦး ၉/ဇဗသ (နိုင်) ၀၀၆၂၃၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/53136 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုချိုမာ ၇/ဝမန(နိုင်)၀၅၄၁၄၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး(ပဲခူး)**

## အမည်ပြောင်း

ဘိုကလေး မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ စိန်(၁)လမ်းနေ ဦးရင်လှိုင် ၁၄/ဘကလ(နိုင်) ၁၄၈၆၆၄၏ သား အထက(၁) ဘိုကလေး G-9မှ မောင်ညီခန့်လွင်အား မောင်ဇွဲခန့်လွင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်ပြောင်းခြင်း

ကမာရွတ်မြို့နယ်၊ TTC လေ့ကျင့်ရေးကျောင်း ဒုတိယတန်း (G-2) နှင်းဆီခန်းမှ မောင်သူ့ထက်ထူးအောင် (ဘ) ဦးလင်းကိုကို ၅/တဆန(နိုင်) ၀၇၄၁၆၉ အား မောင်အောင်မြတ်ဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်မြတ်ဟိန်း TTC လေ့ကျင့်ရေးကျောင်း ကမာရွတ်**

## အများသိစေရန်

မမိုးမိုးမြင့်ဘို ၁၂/ဗဟန(နိုင်)၀၉၆၅၈၅ နှင့် မောင်ဂါမဏိစည်သူ ၉/ခမစ(နိုင်)၀၃၀၃၉၈ တို့သည် နှစ်ဦးသဘောတူ(၂၂-၂-၂၀၂၃) ရက်နေ့တွင် တာမွေမြို့နယ်တရားရုံး၌ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ် လက်မှတ်ရေးထိုးချုပ်ဆိုကြပြီး လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြပြီးဖြစ်သဖြင့် မည်သို့မျှ ဆက်စပ်သက်ဆိုင်ပတ်သက်ခြင်းမရှိတော့ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မမိုးမိုးမြင့်ဘို ၁၂/ဗဟန(နိုင်)၀၉၆၅၈၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်စန်းစန်းတင့်**

**LL.B, LL.M ၊ တရားလွှတ်တော်ရှေ့နေ**

**အမှတ်-၅၈ /၃၊ အဝေရာလမ်း၊**

**မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဧယ/၁၀၀၃၅, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ကြိုင် ၇/ပတတ(နိုင်)၀၂၇၀၅၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/54201 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငွေကြွယ် ၅/ရဘန(နိုင်)၀၃၁၃၇၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(ရွှေဘို)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

သာပေါင်းမြို့၊ အမှတ် (၃)ရပ်ကွက်၊ မြို့ဦးကျောင်းလမ်း၊ အကွက်အမှတ်(၁၂)၊ အကွက်အမည် သစ်ထုတ်လုပ်ရေး အကွက်၊ ဦးပိုင်အမှတ် (၄တ/၄ထ)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြို့မြေကို ဒေါ်တင်သူသူခိုင် ၁၄/သပန(နိုင်) ၀၇၅၃၈၇မှ လူနေ အိမ်ဆောက်လုပ်နေထိုင်ရန် မြေအဖြစ်အသုံးပြုရန် မြေပေးမိန့်ထုတ်ပေးနိုင်ရေးလျှောက်ထားလာပါသည်။ အဆိုပါ လျှောက်ထားချက်များအပေါ် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သာပေါင်းမြို့**

# သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာခြင်း

အာယုအင်တာနေရှင်နယ်ဆေးရုံကြီး၊ ဒါရိုက်တာဘုတ်အဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူများနှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

အာယုအင်တာနေရှင်နယ်ဆေးရုံကြီးသည် ပြည်သူများ၏ ကျန်းမာရေးကို အကောင်းဆုံးဝန်ဆောင်မှုများဖြင့် ကုသပေးလျက် ရှိသောကြောင့် ပြည်သူများ၏ ယုံကြည်မှု ရရှိလျက်ရှိပါသည်။ ယခုတလောအတွင်း အာယုအင်တာနေရှင်နယ်ဆေးရုံနှင့်စပ်လျဉ်း၍ ဆေးရုံ၏ပုံရိပ်ကို ကျဆင်းစေရန် လူပုဂ္ဂိုလ်အချို့က လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဖြစ်ရပ်မှန်ကို ဖုံးကွယ်၍ ရေးသားဖော်ပြကြောင်း တွေ့ရှိရပါသည်။

ဖော်ပြပါ ရေးသားချက်များသည် အာယုအင်တာနေရှင်နယ်ဆေးရုံကြီး၏ ကောင်းမွန်သည့်ဂုဏ်သရေကို နစ်နာစေသော စွပ်စွဲရေးသားချက်များဖြစ်သဖြင့် သက်ဆိုင်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းအောင် B.A(Law);LL.B**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၁၆၄/၃၀-၁၂-၁၉၈၁)၊ နိုတြီပဗ္ဗလစ်**

**အမှတ်(၅၆၃)၊ အခန်း(၁၀၄/၄)၊ (ပ-ထပ်)၊ MAC Tower ၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်**

**ဖုန်း-၀၉-၅၁၆၁၃၆၄**

## အမည်ပြောင်း

ဦးမျိုးကြည် ၈/ရစက(နိုင်) ၁၂၁၆၅၈၏သား ပခုက္ကူမြို့၊ အထက (၅)၊ Grade-5 မှ မောင်ကောင်းဇော်ဟိန်း အား မောင်ကောင်းမြတ်သူ ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကောင်းမြတ်သူ**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၂-၂၀၂၃ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၂)ပါ ယာဉ်အမှတ် ၆၅ယ/၆၉၉၃၈ ၏ ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် ကညန၊ ခရိုင်ရုံး (တောင်ငူ) အစား **ကညန၊ ခရိုင်ရုံး (ပြည်)** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# စာပေမြင့်မှ လူမျိုးတင့်မည်

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1K/9881 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/7531 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက် ထား လာ ပါ သ ဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ကြောင်းအများ သိစေရန် ကြေညာအပ်ပါ သည်။

**ကညန(မန္တလေး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်7I/5155 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ် ကြောင်း အများ သိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 69W/81490, Saw Bwar-110 ယာဉ်လက်ဝယ်ရှိသူ Sein Sabal Phyu Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၇၂ယ/၃၀၁၂၁, Honda Wave -100 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9L/7945, Honda Fit GE6 ယာဉ် လက်ဝယ်ရှိသူ ဒေါ်အိမွန်ရည် ၁၄/သပန(နိုင်) ၀၈၃၇၉၆က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအထွေထွေပိုလျှံရန်ပုံငွေဖြင့် မြို့နယ်(၄)မြို့နယ်တွင် ဆောင်ရွက်မည့် လုပ်ငန်း (၇)ခုအတွက် ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာ စတင်ရောင်းချရမည့်ရက်/အချိန်** | - | ၂၃-၂-၂၀၂၃ရက် (ရုံးချိန်အတွင်း) |
| (ခ) | **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်နောက်ဆုံးရက်** | - | ၈-၃-၂၀၂၃ရက် ညနေ ၁၆:၀၀နာရီ |
| (ဂ) | **(PO/ကုမ္ပဏီဖွဲ့စည်းပုံ/ အခွန်ကင်းရှင်းကြောင်း အထောက်အထား/ Bank Statement တင်ပြရမည့်နေ့)** | - | ၉-၃-၂၀၂၃ရက် နံနက် ၀၉:၃၀မှ ညနေ ၁၆:၀၀နာရီထိ (ကြာသပတေးနေ့) |
| (ဃ) | **တင်ဒါ (A)/(B) စာအိတ်လက်ခံခြင်း (B) စာအိတ်ဖွင့်ဖောက်စစ်ဆေးခြင်းနှင့် (A) စာအိတ်ဖွင့်ဖောက်စစ်ဆေးမည့်ရက်** | - | ၁၀-၃-၂၀၂၃ရက် (သောကြာနေ့) |
| (င) | **တင်ဒါ (A)/(B) စာအိတ်ဖွင့်ဖောက် စစ်ဆေးမည့်နေရာ** | - | စစ်ကိုင်းတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ ညွှန်ကြား ရေးမှူး(မြို့ပြ)ရုံး၊ မုံရွာမြို့ |

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တယ်လီဖုန်းနံပါတ် ၀၇၁-၂၆၃၄၉၊ ၂၆၃၅၉သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တယ်လီဖုန်း-၀၇၁-၂၆၃၄၉၊ ၂၆၃၅၉**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၃၇၃)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၅

**ကွယ်လွန်သူ ဦးကျော်လှဖြူ(ခ)ဦးကျော်ဇင်၏ကျန်ရစ်သောပစ္စည်းအကြောင်း**

**ဒေါ်ငယ်ငယ်ချစ်** — **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၆)ရပ်ကွက်၊ ဗိုလ်ကလေးဈေးလမ်း၊ ဖ-လွှာ(ဘီ)၊ အမှတ် ၂၈/၃၂ နေ ဒေါ်ငယ်ငယ်ချစ်က ကွယ်လွန်သူ ဦးကျော်လှဖြူ(ခ) ဦးကျော်ဇင်က ၎င်း၏ခင်ပွန်းတော်စပ်သူဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၆) ရပ်ကွက်၊ ဗိုလ်ကလေးဈေးလမ်း၊ ဖ-လွှာ(ဘီ)၊ အမှတ် ၂၈/၃၂ နေ၎င်းကွယ်လွန်သူ ဦးကျော်လှဖြူ(ခ)ဦးကျော်ဇင်မှာ ကျန်ရစ်သော ပစ္စည်းများထဲမှ ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးကျော်လှဖြူ(ခ)ဦးကျော်ဇင်မှာကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၃ခုနှစ်၊ မတ်လ ၃ရက် (၁၃၈၄ခုနှစ် တပေါင်းလဆန်း ၁၃ရက်) တွင်လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်ငယ်ငယ်ချစ်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်၊ မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ခုနှစ် ဖေဖော်ဝါရီလ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင်မြ)
ခရိုင်တရားသူကြီး
ဗိုလ်တထောင်ခရိုင်တရားရုံး

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## စီမံရေးရာဌာန တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အောင်ဇေယျလမ်းရှိ မြို့နယ်ခန်းမ (အကျယ်ဧရိယာ ပေ ၄၀၀x၅၀၀)အား မင်္ဂလာခန်းမအပါအဝင်၊ ညှော့ခံပွဲ၊ ဖျော်ဖြေပွဲများဆောင်ရွက်ခြင်းလုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် ခန်းမအား တင်ဒါစနစ်ဖြင့် အငှားချထားနိုင်ရေး တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ကျောက်တံတားမြို့နယ်၊ မြို့တော်ခန်းမ(ရုံးချုပ်)၊ မြေညီထပ်ရှိ စီမံရေးရာဌာန၊ စီမံ(ငွေစာရင်း) ရုံးခန်းတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၉-၉၇၇၂၇၅၁၀၀ သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** | - | ၂၃-၂-၂၀၂၃ရက် (ကြာသပတေးနေ့) |
| **တင်ဒါအရောင်းပိတ်မည့်ရက်** | - | ၂၀-၃-၂၀၂၃ရက် (တနင်္လာနေ့) |
| **တင်ဒါကျင်းပမည့်ရက်** | - | ၂၄-၃-၂၀၂၃ရက် (သောကြာနေ့) |
| **တင်ဒါကျင်းပမည့်နေရာ** | - | မြို့တော်ခန်းမ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ရန်ကြော်ငြာအပ်ပါသည်

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ အမှတ် (၃)ရပ်ကွက်၊ အကွက်အမှတ် (၃၄)၊ ကျောက်တောရပ်၊ ဦးပိုင်အမှတ် (၁၈၀)၊ မြေကွက်အမှတ် (၁၇၅)၊ မြေဧရိယာ ၀ဒသမ၀၆၉ဧကရှိ မြေအား မြေငှားဂရန်အမှုတွဲအမှတ် (၇၆/၁၉၉၃)အရ ၁၆-၁၂-၁၉၉၄ ရက်မှ ၁၅-၁၂-၂၀၂၄ရက်အထိ နှစ် ၃၀ သက်တမ်းရှိ မြေငှားဂရန်ကို ဗိုလ်ကြီး ချစ်သန်းအမည်ဖြင့် ရရှိခဲ့ပြီး ၎င်းထံမှ ၂၈-၁-၂၀၂၀ရက်စွဲပါ တရားဝင်မြေ အရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ် (၂၈/၂၀၂၀)ဖြင့် ကျွန်မ ဒေါ်အေးအေးဝင်းမှ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ယခု ဗိုလ်ကြီး ချစ်သန်းအမည်ပါ နှစ် ၃၀ ဂရန်သည် ပျောက်ဆုံးလျက်ရှိနေပြီး ကျွန်မ ဒေါ်အေးအေးဝင်း အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန် ပြန်လည်လျှောက်ထားသွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများ ဤသတင်းစာပါ ရက်နေ့မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်အေးအေးဝင်း ၈/မဘန(နိုင်)၀၀၄၁၂၉**
**အမှတ် (A)/၁၀၄၄၊ ပုဏ္ဏမိလမ်း၊ ရွှေကြာပင်ရပ်ကွက်၊ နေပြည်တော်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၈)ရပ်ကွက်၊ မြေကွက်အမှတ် (၈၈၀)နှင့် ဧရိယာ ၀ဒသမ၀၅၅ဧက၊ (အလျားပေ ၄၀xအနံပေ ၆၀) စတုရန်းပေ ၂၄၀၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် မြေကွက် အမှတ် (၈၈၁)၊ ဧရိယာ ၀ဒသမ၀၅၅ဧက၊ (အလျားပေ ၄၀xအနံပေ ၆၀)၊ စတုရန်းပေ ၂၄၀၀ ရှိ နှစ် ၆၀ ဂရန်မြေကွက်၊ ယင်း မြေကွက်များသည် အမှတ် (၈၈၀)နှင့် (၈၈၁)(ယခင်)ရောဝဏ်ချဉ်းကပ်လမ်း၊ (ယခု)ဦးဘဉာဏ်လမ်း၊ (၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့် မြေကွက်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးဇော်ဇော် ၁၄/ပတန(နိုင်)၀၀၀၁၃၄၊ ဒေါ်မီမီခိုင် ၁၄/ပတန(နိုင်)၀၀၀၁၃၅၊ ဒေါ်မီမီလှိုင် ၁၄/ပတန(နိုင်)၀၀၀၁၃၄တို့ထံမှဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်တော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းဝင်း(တရားလွှတ်တော်ရှေ့နေ) စဉ်-၂၁၇၂**
**B.A (LAW) LL.B (Advocate), D.B.L, D.M.L, D.I.L, D.A.Psy.**
**WIPO, DL (101), (201), (317) Switzerland (Geneva).**
**အမှတ် (၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကန်ဘဲ့ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၇၁၂၀၆၊ ၀၉-၉၇၄၇၃၅၆၈၆**

## အများသိစေရန်အသိပေးကြေညာခြင်း

